ကြေးမုံ
The Mirror

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့၊ (27-5-2008) (၅၆၉၁)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* ✻ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* ✻ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ✻ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးရန် နိုင်ငံတစ်ဝန်းလုံးမှ ၉၂.၄၈ ရာခိုင်နှုန်းက ထောက်ခံ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်-ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၁၂/၂၀၀၈) ကို ၂၀၀၈ ခုနှစ် မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်

(ကြေညာချက်အမှတ် ၁၂/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် (၇)ရက်
(၂၀၀၈ ခုနှစ်၊ မေလ ၂၆ ရက်)

ပြည်ထောင်စုတစ်ဝန်းလုံးတွင် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ် ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း (၃၂၅)မြို့နယ်ရှိသည့်အနက် (၂၇၈)မြို့နယ်တို့၌ ၂၀၀၈ခုနှစ်၊ မေလ (၁၀)ရက်နေ့က အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၁၅)ရက်စွဲပါ ကြေညာချက်အမှတ်(၁၀/၂၀၀၈)ဖြင့်လည်းကောင်း၊ ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၆)ရက်စွဲပါ ကြေညာချက်အမှတ် (၈/ ၂၀၀၈) ဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် "နာဂစ်" မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း(၄၀)နှင့် ဧရာဝတီတိုင်းမှ (၇)မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ (၂၆)ရက်စွဲပါ ကြေညာချက်အမှတ် (၁၁/၂၀၀၈) ဖြင့်လည်းကောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၅၀၄၃၆၈)ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူ ဦးရေ (၂၇၃၆၉၉၅၇)ဦးရှိခဲ့ရာမှ ပြင်းထန်သော "နာဂစ်" မုန်တိုင်းဒဏ်ကြောင့် ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် မွန်ပြည်နယ်တို့တွင် သေဆုံးသူဦးရေ (၇၇၇၃၈)ဦးနှင့် ပျောက်ဆုံးသူဦးရေ (၅၅၉၁၇)ဦး ပေါင်း (၁၃၃၆၅၅)ဦးဖြစ်ပြီး ယင်းတို့အနက် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၈၁၁၃၀)ဦး ပါဝင်ကြောင်း စာရင်းကောက်ယူရေးအဖွဲ့၏ တင်ပြချက်အရ သိရှိရပါသည်။ ထို့ကြောင့် ယခုအခါ ပြည်ထောင်စုတစ်ဝန်းလုံးတွင် လူဦးရေ (၅၇၃၇၀၇၁၃)ဦးနှင့် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၂၇)ဦး ရှိပါသည်။

၃။ ထို့ကြောင့် ၂၀၀၈ခုနှစ်၊ မေလ (၁၀)ရက်နေ့တွင် (၂၇၈)မြို့နယ်နှင့် ၂၀၀၈ခုနှစ်၊ မေလ (၂၄)ရက်နေ့တွင် (၄၇)မြို့နယ် ပေါင်း (၃၂၅)မြို့နယ်တို့အတွက် ကျင်းပခဲ့သော ဆန္ဒခံယူပွဲ၏ စုစုပေါင်းရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	ပြည်ထောင်စုတစ်ဝန်းလုံးရှိ အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ	၂၇၂၈၈၈၂၇ ဦး	
(ခ)	ဆန္ဒမဲပေးသူဦးရေ	၂၆၇၇၀၆၆၇၅ ဦး၊	(၉၈. ၁၂)ရာခိုင်နှုန်း
(ဂ)	ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ	၂၄၇၆၄၁၂၄ ဦး၊	(၉၂. ၄၈)ရာခိုင်နှုန်း
(ဃ)	ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ	၁၆၃၁၇၁၂ ဦး၊	(၆. ၁)ရာခိုင်နှုန်း
(င)	ပယ်မဲ	၃၈၀၈၃၉ ဦး၊	(၁. ၄၂)ရာခိုင်နှုန်း

၄။ အထက်အပိုဒ်(၃)ပါအတိုင်း ပြည်ထောင်စုတစ်ဝန်းလုံး၌ ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲများတွင် ဆန္ဒမဲပေးသူစုစုပေါင်း (၂၆၇၇၀၆၇၅)ဦး တို့၏ ဆန္ဒမဲပေးမှု အခြေအနေများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က)	မဲရုံသို့ကိုယ်တိုင်လာရောက်ဆန္ဒမဲပေးသူဦးရေ	၂၂၁၅၄၉၇၀ ဦး၊	(၈၂. ၇၄)ရာခိုင်နှုန်း
(၁)	ထောက်ခံဆန္ဒမဲပေးသူဦးရေ	၂၀၂၁၅၆၃၇ ဦး	
(၂)	ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ	၁၅၇၅၂၅၇ ဦး	
(၃)	ပယ်မဲ	၃၆၄၀၇၆ ဦး	
(ခ)	ကြိုတင်ဆန္ဒမဲလက်မှတ်ဖြင့်ဆန္ဒမဲပေးသူဦးရေ	၄၆၂၁၇၀၅ ဦး၊	(၁၇. ၂၆)ရာခိုင်နှုန်း
(၁)	ထောက်ခံဆန္ဒမဲပေးသူဦးရေ	၄၅၄၈၄၈၇ ဦး	
(၂)	ကန့်ကွက်ဆန္ဒမဲပေးသူဦးရေ	၅၆၄၅၅ ဦး	
(၃)	ပယ်မဲ	၁၆၇၆၃ ဦး	

၅။ သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်တစ်ဝန်းလုံး၌ ကျင်းပခဲ့သော ပြည်လုံးကျွတ် ဆန္ဒခံယူပွဲတွင် ဆန္ဒမဲပေးခွင့်ရှိသူဦးရေ (၂၇၂၈၈၈၂၇)ဦးတို့အနက် (၂၆၇၇၀၆၇၅)ဦးတို့က လာရောက်ဆန္ဒမဲပေးခဲ့ကြပြီး ဆန္ဒမဲပေးသည့်ရာခိုင်နှုန်းမှာ (၉၈. ၁၂)ရာခိုင်နှုန်းဖြစ်ပါသည်။ အဆိုပါဆန္ဒမဲပေးသည့် (၂၆၇၇၀၆၇၅)ဦးတို့အနက် (၂၄၇၆၄၁၂၄)ဦးတို့က ထောက်ခံဆန္ဒမဲ ပေးခဲ့ကြသည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြုပေးရန် ထောက်ခံသည့် ရာခိုင်နှုန်းမှာ(၉၂. ၄၈)ရာခိုင်နှုန်းဖြစ်ကြောင်း ၂၀၀၈ ခုနှစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေပုဒ်မ ၂၃ အရ ကြေညာလိုက်ပါသည်။

(အောင်တိုး)
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ ၄၇ မြို့နယ် ဆန္ဒမဲပေးသူဦးရေ၏ ၉၂.၉၃ ရာခိုင်နှုန်း ထောက်ခံဆန္ဒမဲပေး

နေပြည်တော် မေ ၂၆

ပြည်ထောင်စုမြန်မာနိုင်ငံတော် - ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်၏ ကြေညာချက်အမှတ် (၁၁/၂၀၀၈) ကို ၂၀၀၈ခုနှစ် မေ ၂၆ ရက်တွင် ထုတ်ပြန်ကြေညာလိုက်သည်။ အဆိုပါကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်-

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

(ကြေညာချက်အမှတ် ၁၁/၂၀၀၈)

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော်(၇)ရက်
(၂၀၀၈ ခုနှစ်၊ မေလ ၂၆ရက်)

ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ မြို့နယ်ပေါင်း (၄၇)မြို့နယ်တို့အတွက် ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲရလဒ်ကြေညာခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကို နိုင်ငံတော်တစ်ဝန်းလုံးတွင် မြို့နယ်ပေါင်း(၃၂၅)မြို့နယ်ရှိသည့်အနက် (၂၇၈)မြို့နယ်တို့၌ ၂၀၀၈ခုနှစ်၊ မေလ(၁၀)ရက်နေ့က အောင်မြင်စွာကျင်းပပြီးစီးခဲ့ရာ ထိုကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ ရလဒ်အား ဤကော်မရှင်၏ ၂၀၀၈ခုနှစ်၊ မေလ(၁၅)ရက်စွဲပါ ကြေညာချက်အမှတ်(၁၀/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ ဤကော်မရှင်၏ ၂၀၀၈ခုနှစ် မေလ(၆)ရက်စွဲပါ ကြေညာချက်အမှတ်(၈/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာထားသည့်အတိုင်း ပြင်းထန်သည့် "နာဂစ်"မုန်တိုင်းဒဏ်ခံခဲ့ရသော ရန်ကုန်တိုင်းမှ မြို့နယ်ပေါင်း(၄၀)နှင့် ဧရာဝတီတိုင်းမှ (၇)မြို့နယ်တို့အတွက် ကျင်းပရန်ရှိသည့် ဆန္ဒခံယူပွဲကို ၂၀၀၈ခုနှစ်၊ မေလ(၂၄)ရက်နေ့တွင် ဆက်လက်ကျင်းပခဲ့ရာ ထိုဆန္ဒခံယူပွဲ၏ရလဒ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) အသက်(၁၈)နှစ်ပြည့်ပြီး ဆန္ဒမဲပေးခွင့်ရှိသူဦးရေ ၄၅၈၀၃၉၃ ဦး

စာမျက်နှာ ၂၀ ကော်လံ ၁ သို့ ❍

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၇-၅-၂၀၀၈
(အင်္ဂါနေ့)

နိုင်ငံတကာမှ ငွေကြေးနှင့်ပစ္စည်းများ ထောက်ပံ့ကူညီ လေဘေးသင့်ဒေသများ လျင်မြန်စွာ ပြန်လည်ထူထောင်နိုင်မည်

ကုလသမဂ္ဂနှင့်အာဆီယံတို့ ပူးတွဲ ကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံကို မေလ ၂၅ ရက်နေ့က ရန်ကုန်မြို့ရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပခဲ့သည်။

အဆိုပါ ညီလာခံသို့ နိုင်ငံပေါင်း ၅၁ နိုင်ငံမှ အထူးကိုယ်စားလှယ်များနှင့် နိုင်ငံတကာအဖွဲ့အစည်း ၂၄ ခုတို့မှ တာဝန်ရှိသူများ တက်ရောက်ကြပြီး သက်ဆိုင်ရာနိုင်ငံများနှင့် နိုင်ငံတကာ အဖွဲ့အစည်းများက ငွေကြေးအကူအညီနှင့် အခြားအကူအညီများ ထောက်ပံ့ကူညီရန် ကတိကဝတ်ပြုကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ပြည်သူများ ကယ်ဆယ်၊ ကူညီစောင့်ရှောက်ရေး လုပ်ငန်းများအတွက် ကျပ်ငွေ ၅ ဘီလီယံ ကနဦး ချက်ချင်းသုံးစွဲခဲ့ပြီး ယခုအချိန်အထိ ကျပ်ငွေ ဘီလီယံ ၇၀ခန့် သုံးစွဲခဲ့ပြီးဖြစ်သည်။ ကုလသမဂ္ဂနှင့် ယင်း၏အေဂျင်စီများက အရေးပေါ်ကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် ဆောလျင်စွာ ပါဝင်ကူညီပေးသည့်အပြင် နိုင်ငံတကာမှ အဖွဲ့အစည်းများကလည်း ငွေကြေးနှင့်ပစ္စည်းများ အကူအညီပေးလျက်ရှိသည်ကို တွေ့ရသည်။

ယခုအခါ မုန်တိုင်းဒဏ်ခံစားခဲ့ရသည့် ဒေသများ၌ ကယ်ဆယ်ကူညီ ယာယီနေရာချထားရေးတို့ကို အတော်အသင့်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ရာ ဒေသခံပြည်သူများ၏ နေထိုင်စားသောက်ရေး၊ နေအိမ်၊ ကျောင်း၊ ဆေးရုံ၊ ဆေးခန်းများ ပြန်လည်တည်ဆောက်ရေးနှင့် စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းလုပ်ငန်း၊ ဆားချက်သည့်လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတကာမှ ငွေကြေး၊ ပံ့ပိုးပစ္စည်းများနှင့် ကျွမ်းကျင်လုပ်သားများ၏ အကူအညီများလည်း ကူညီဖြည့်ဆည်းပေးကြရဦးမည်ဖြစ်သည်။

ယင်းသို့သော အခြေအနေတွင် နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့၏ ပေါင်းစည်းညီညွတ်မှု စွမ်းအားနှင့်အတူ ကုလသမဂ္ဂ၊ အာဆီယံနှင့် နိုင်ငံတကာ အသိုင်းအဝိုင်းမှ ငွေကြေးနှင့် အခြားပစ္စည်း ထောက်ပံ့ကူညီမှုများဖြင့် အင်တိုက်အားတိုက် ပူပေါင်းဆောင်ရွက်လျက်ရှိရာ လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်တည်ဆောက်ရေးလုပ်ငန်းများကို ပိုမိုထိရောက်လျင်မြန်စွာ ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။ ။

ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲ

ရန်ကုန် မေ ၂၆

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က နှစ်စဉ်ကျင်းပမြဲဖြစ်သော ဗုဒ္ဓဘာသာယဉ်ကျေးမှုစာမေးပွဲကို ပုဇွန်တောင်မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌနှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌတို့ ကြီးမှူး၍ မေ ၂၅၊ ၂၆၊ ၂၇ ရက်များတွင် အထက(၄) ပုဇွန်တောင်မြို့နယ်၌ ကျင်းပကြောင်း သတင်းရရှိသည်။ (က-ပ)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့နှင့် အဖွဲ့ဝင်များ ရန်ကုန်မြို့ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ဝိသာခါ သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်းတွင် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပေးအပ်လှူဒါန်း

ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စိုးနိုင်ထံသို့ ဦးအေးကိုနှင့် ဇနီး ဒေါ်နန်းမြင့်မြင့်စိုး (ဟိုတယ်မန္တလေး) ကိုယ်စား JEWELLERY LUCK CO., LTD မှ EXECUTIVE DIRECTOR ဦးသောင်းထိုက်မင်း ငွေကျပ်သိန်း ၅၀ပေးအပ်လှူဒါန်းစဉ်။
(ကြေးမုံ)

ဘိုကလေးနှင့် ဖျာပုံမြို့နယ်မှ လေဘေးသင့်ပြည်သူများအား Jewellery Luck ကုမ္ပဏီနှင့်လုပ်ငန်းရှင်များ ငွေလှူဒါန်း

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်း ဘိုကလေးမြို့နယ်နှင့် ဖျာပုံမြို့နယ်တို့မှ မုန်တိုင်းဒဏ်ခံပြည်သူများအတွက် JEWELLERY LUCK CO.,LTD(JLC) မိသားစုနှင့် မိတ်ဆွေလုပ်ငန်းရှင်များက မေ ၂၃ ရက်တွင် ဘိုကလေးမြို့နှင့်ဖျာပုံမြို့တို့သို့ အလှူငွေများ သွားရောက်လှူဒါန်းကြသည်။

ဘိုကလေးမြို့၌ JLC Co.,LTD မန်နေဂျင်းဒါရိုက်တာ ဦးကျော်စိန်၊ ဇနီး ဒေါ်အားကြူနှင့် ALKEMAL Co.,Ltd လုပ်ငန်းရှင် Mr.Charanjit Singh တို့က ငွေကျပ်သိန်း ၂၀၀စီ၊ ဦးမျိုးလွင်ဦး၊ ဇနီးဒေါ်ဇာဇာဝင်း (လှနန်းသူဇာသဘော်)နှင့် Mr.Fu Xiang Mao၊ ဇနီး Ms. Su Ya Li (Mao Ye Muni Co.,Ltd)တို့က ငွေကျပ်သိန်း ၃၀စီ၊ ဦးသောင်းထိုက်မင်း၊ ဇနီး ဒေါ်လွင်လွင်မော် (JLC Co., Ltd) က ငွေကျပ် ၂၅ သိန်း၊ JLC Co.,Ltd မှ ဦးစိုင်းအောင်သန်း-ဇနီး ဒေါ်လင်တီ၊ ဦးတင်ညွန့်၊ ဇနီး ဒေါ်ကြည်ကြည်ဝင်း၊ ဦးစိန်ဝင်း၊ ဇနီး၊ ဒေါ်ခင်ညိုဝင်း၊ Mr.Kumar Mrvishal (Fast Rise Trading Co.,Ltd) တို့ကငွေကျပ်သိန်း ၂၀ စီ၊ ဦးလျှိုယုံဟုမ်း၊ဦးကျန်ဝေကငွေကျပ်၁၅ သိန်း၊ ဦးသန်းလှ၊ ဇနီးဒေါ်ထက်ထက်က ငွေကျပ်၁၅သိန်း၊ဦးကိုကြီး(Global Veneer Co.,Ltd)၊ ဦးစိုင်းခင်အောင်၊ ဇနီးဒေါ်ဆွေဆွေသန်း (K.K.A Co.,Ltd)၊ JLC Co., Ltd မှ ဦးအေးထွန်းရွှေ၊ ဇနီး ဒေါ်ခင်မွေး၊ ဦးလင်းထွေး၊ ဦးထွန်းနိုင်ဦး၊ဇနီး ဒေါ်သီရိထွန်း၊ Mr Xu Yang၊ ဇနီး ဒေါ်စိုးစိုး၊ ဦးထွန်းထွန်းတို့က ငွေကျပ် ၁၀ သိန်းစီ၊ ဦးအောင်ကြည်စိန်-ဇနီး ဒေါ်သီတာမြင့်၊ ဦးစိုင်းခမ်းလှိုင်၊ ဦးကိုကိုအောင်ဌေး၊ ဇနီး ဒေါ်ချမ်းမြဝင်းတို့က ငွေကျပ်ခုနစ်သိန်းစီ၊ ဦးမိုးကျော်သူ၊ ဇနီး ဒေါ်စောနန်းယုက ငွေကျပ်ခြောက်သိန်း၊ ဦးအောင်မျိုး (Mogkok Pride Co., Ltd)၊ ဦးကျော်ကျော် (ကျော်အထပ်သား ဆိုင်)၊ JLC Co., Ltd မှ ဦးသန်းထွန်း၊ ဇနီး ဒေါ်ခင်မြတ်မွန်၊ ဦးမင်းမျိုးသန့်၊ ဇနီး ဒေါ်အိရွှေစင်၊ ဦးနိုင်နိုင်လင်း၊ ဇနီး ဒေါ်လှလှရွှေ၊ ဦးဝေဟင်ကော၊ ဇနီး ဒေါ်ရမ်ဆွေဖန်း၊ ဦးမြင့်ယုံ၊ ဇနီး ဒေါ်နေလျှံတို့က ငွေကျပ်ငါးသိန်းစီ၊ ဦးခင်မောင်လင်း (ပခုက္ကူ မော်တော်ယာဉ်) က ငွေကျပ်သုံးသိန်း၊ ဦးတင်ဝင်း (သိဒ္ဓိအောင် အထပ်သားဆိုင်)၊ ဦးတင်အေး (အထပ်သားဆိုင်)၊ ဒေါ်ရှောက်ဖိန်(JLC) တို့က ငွေကျပ် နှစ်သိန်းစီ၊ ဒေါက်တာ ဂျော့(ရှ်)စိုးဝင်း (JLC)၊ ဦးထွန်းကြိုင် (အိုကေစက်သုံးဆီဆိုင်)၊ ဦးကိုကြီး (မော်တော်ယာဉ် လုပ်ငန်း)၊ ဒေါ်သန်းသန်း (JLC)၊ ဒေါ်အေးအေးစန်း (သုခအထပ်သားဆိုင်)၊ ဦးမရမ်းသီး (သိဒ္ဓိရှင် အထပ်သားဆိုင်) တို့က ငွေကျပ်တစ်သိန်းစီ၊ ဦးကြည်ဝင်း (JLC)၊ ဦးဝင်းလွင် (JLC)၊ ဦးသောင်းဝင်း (မြန်မာဖွဲ့သဘော်)၊ ဦးနှင်းဝေ (Boilor တပ်ဆင်ရေး)၊ ဦးသိန်းဌေး (စက်မှုလက်မှုလုပ်ငန်း)၊ ဦးဝင်းမြင့် (ရွှေမေတ္တာကားဂိတ်)တို့က ငွေကျပ် ၅၀၀၀၀ စီ၊ ဒေါ်မြမြ (ငြိမ်းချမ်းအထပ်သားဆိုင်)က ငွေကျပ် ၂၅၀၀၀၊ JLC Co.,Ltd မှဖြစ်ကြသော မန္တလေး အထပ်သားစက်ရုံ ဝန်ထမ်းများက ငွေကျပ် ၂၈၅၉၇၅၀၊ ရွှေပြည်အေး သစ်ထုတ်လုပ်ရေး ဝန်ထမ်းများက ငွေကျပ် ၁၂၁၃၀၀၀၊ ကျောက်ဆည် သစ်အချောထည်စက်ရုံ ဝန်ထမ်းများက ငွေကျပ် ၁၁၃၆၀၀၀၊ Timber Trading Branch ဝန်ထမ်းများက ငွေကျပ် ၅၈၇၅၀၀၊ မုံရွာ သစ်အချောထည် စက်ရုံဝန်ထမ်းများက ငွေကျပ် ၅၅၅၀၀၀၊ Penan Bag Factory ဝန်ထမ်းများက ငွေကျပ် ၇၂၄၀၀၊ Export/Import Branch ဝန်ထမ်းများက ငွေကျပ် ၃၄၀၀၀၀၊ Finance Dept; ဝန်ထမ်းများက ငွေကျပ် ၃၃၀၀၀၀၊ Singapore Branch ဝန်ထမ်းများက ငွေကျပ်၃၀၀၀၀၀၊ IT Dept;ဝန်ထမ်းများက ငွေကျပ် ၂၇၅၀၀၀၊ Cash Dept;ဝန်ထမ်းများက ငွေကျပ် ၁၄၁၅၀၀၊ Sales & Marketing၊ Travels & Tour၊ Logistic၊ Audit Dept; တို့မှဝန်ထမ်းများက ငွေကျပ် ၁၆၂၀၀၀ စုစုပေါင်း ငွေကျပ် ၈၂၄၉၇၁၅၀ကိုလှူဒါန်းရာ ဘိုကလေးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးသိန်းက လက်ခံသည်။

ထို့နောက် ဖျာပုံမြို့နယ်အတွင်း မုန်တိုင်းဒဏ်ခံ ပြည်သူများအတွက် ဦးအေးကိုနှင့်ဇနီး ဒေါ်နန်းမြင့်မြင့်စိုး (ဟိုတယ်မန္တလေး)ကငွေကျပ်သိန်း၅၀၊ ဦးကြည်ဝင်း၊ ဇနီး ဒေါ်တင်တင်ရီ (Summer Palace Hotel)ကငွေကျပ် ၁၂ သိန်း၊ ဒေါ်နန်းဖောင် (Golden City Crown Hotel)က ငွေကျပ်ရှစ်သိန်း၊ Olympic Hotel ဝန်ထမ်းများက ငွေကျပ် ၁၃၈၇၀၀၀၊ Goal Hotel ဝန်ထမ်းများက ငွေကျပ် ၇၁၂၅၀၀၊ City Golf Resort Hotel ဝန်ထမ်းများက ငွေကျပ် ၁၅၂၄၀၀၀၊Summer Palace Hotel ဝန်ထမ်းများက ငွေကျပ် ၁၆၅၂၀၀၀၊ Hotel Mandalay ဝန်ထမ်းများက ငွေကျပ် ၆၆၇၅၀၀၊ The Prince Hotel ဝန်ထမ်းများက ငွေကျပ် ၇၇၈၁၀၀၊ Golden City Crown Hotel ဝန်ထမ်းများက ငွေကျပ် ၄၈၉၀၀၀၊ ဦးစိုင်းအောင်သန်း၊ ဇနီး ဒေါ်လင်တီ (J LC)က ငွေကျပ်ငါးသိန်း၊ Mr.Fu Xiang Mao (Mao Ye Muni Co.Ltd)ကငွေကျပ်နှစ်သိန်း၊ Mr. Liu Yong Hong၊ မမိုးမိုး၊ ဒေါက်တာ ဂျော့(ရှ်)စိုးဝင်းတို့က ငွေကျပ်တစ်သိန်းစီ၊ စုစုပေါင်း ငွေကျပ် ၁၅၂၁၀၁၀၀ နှင့် အဝတ်အထည်၊ ဆေးဝါးမျိုးစုံတို့ကို လှူဒါန်းရာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က လက်ခံသည်။

Jewellery Luck Co.,Ltd မှ မုန်တိုင်းဒဏ်ခံရသည့် ပြည်သူများအတွက် မေ ၂၅ ရက်အထိ ဆန်၊ ဆေးမျိုးစုံ၊ သင်္ကန်း၊ အဝတ်အထည်များ၏ တန်ဖိုးနှင့် အလှူငွေစုစုပေါင်း ငွေကျပ် ၁၉၅၉၀၇၂၅၀ လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။(ကြေးမုံ)

ဝိသာခါသီလရှင်သင်(အမျိုးသမီး)ပညာရေးကျောင်းသို့ ဆန်နှင့် စားသောက်ဖွယ်ရာများ လှူဒါန်း

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အမျိုးသမီးများအား ကာကွယ်စောင့်ရှောက်ရေးနှင့် ပြုစုပျိုးထောင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်တင်တင်နွဲ့၊ ဒုတိယအဖွဲ့ခေါင်းဆောင် ဒေါ်ခင်မျိုးမြင့်၊ လုပ်ငန်းအဖွဲ့ခွဲခေါင်းဆောင်များဖြစ်ကြသော ဒေါ်ခင်မေစိုးနှင့် ဒေါ်ကြည်ကြည်မြတို့သည် လေဘေးသင့်ခံရသောရန်ကုန်မြို့ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်ရှိ ဝိသာခါ သီလရှင်သင်(အမျိုးသမီး) ပညာရေးကျောင်းသို့မေ၂၂ ရက် နံနက် ၉ နာရီတွင် သွားရောက်၍ စာသင်တိုက်၌ စောင့်ရှောက်ထားရှိသော ကလေးသူငယ် ၆၀ အတွက် ငွေကျပ်ငါးသိန်းခန့်တန်ဖိုးရှိ ဆန်အိတ်များ၊ စားသောက်ဖွယ်ရာများ၊ ခေါက်ဆွဲထုပ်များ၊ ရေသန့်စစ် ရေပုံးများ၊ ဗလာစာအုပ်၊ ဘောလ်ပင်၊ ခဲတံများ၊ စောင်၊ မျက်နှာသုတ်ပဝါများနှင့် ငွေကျပ်တစ်သိန်းကိုလည်းကောင်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်မောင်မောင်ဆွေ၊ ဇနီးဒေါ်တင်တင်နွဲ့ မိသားစုက ငွေကျပ်တစ်သိန်းကိုလည်းကောင်း သီလရှင်ဆရာကြီးထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှပြည်သူများက ငွေနှင့်ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၆

လေဘေးဒဏ်သင့် ပြည်သူများအတွက် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ တိုင်းရင်းသားပြည်သူများနှင့် တပ်ရင်းတပ်ဖွဲ့ မိသားစုများက အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ သတ္တမအကြိမ်မြောက် ပေးအပ်လှူဒါန်းပွဲကို မေ ၂၃ ရက်တွင် လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ် အောင်သန်းထွဋ်တက်ရောက်၍ကျေးဇူးတင်စကား ပြောကြားသည်။

လှူဒါန်းပွဲတွင် လေဘေးသင့်ပြည်သူများအတွက် ဥရောပအာရှကုမ္ပဏီက ငွေကျပ် သိန်း ၇၀၀ တန်ဖိုးရှိ မိုးကာလိပ် ၂၄၀၊ စောင် ၄၇၁၂ ထည်၊ ခြင်ထောင် ၄၃၄၅ လုံးနှင့်ဓာတ်မီးဖာ ၁၀၀ တို့ကို လည်းကောင်း၊ ဦးအောင်ဝင်း (ပြည်နယ်ဆက်သွယ်ရေး)မိသားစုက ငွေကျပ် သုံးသိန်းတန်ဖိုးရှိ အဝတ်အထည်များကို လည်းကောင်း၊ လားရှိုးဘူတာရုံ မိသားစုက ငွေကျပ် ၁၅၃၀၀၀ တန်ဖိုးရှိ အဝတ်အထည်များကို လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ရှိ တပ်ရင်းတပ်ဖွဲ့များက ငွေကျပ် ၁၄သိန်း၊ လောက်ကိုင်တပ်နယ်မှ အရာရှိစစ်သည်များက ငွေကျပ် ၁၄၅၀၀၀၀၊ ဖာလင်သတ္တုကုမ္ပဏီမိသားစုက ငွေကျပ် ၁၀သိန်း၊ ဦးမိုးကျော်သူ (Golden Poller)ကုမ္ပဏီက ငွေကျပ် ငါးသိန်း၊ ရွှေစင်ရတနာပန်းပုလုပ်ငန်းက ငွေကျပ် ငါးသိန်း၊ ကွမ်းလုံတပ်နယ်က ငွေကျပ် ၅၅၅၀၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် လှမြင့်တို့က လက်ခံကြသည်။ အဆိုပါ လှူဒါန်းသော ပစ္စည်းများ၏ တန်ဖိုးမှာ ငွေကျပ် ၇၀၄၅၃၀၀၀ နှင့် ငွေကျပ်သိန်း ၅၁၂၅၅၀၀ ရှိ၍ စုစုပေါင်းလက်ခံရရှိငွေပေါင်းမှာ ငွေကျပ် ၇၅၅၇၈၅၀၀ ရှိကြောင်းနှင့် အဆိုပါငွေနှင့် ထောက်ပံ့ရေးပစ္စည်းများကို လေဘေးသင့်ပြည်သူများထံ ဆက်လက်ပေးပို့လျက်ရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

အမှတ်(၂) လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် အလုံမြို့နယ် ကမ်းနားလမ်းရှိ Asia World ဆိပ်ကမ်းတွင် လျှပ်စစ်စီမံကိန်းသုံးပစ္စည်းများအား မော်တော်ယာဉ်များဖြင့် တင်ဆောင်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(အမှတ်-၂ လျှပ်စစ်)

ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် စက်မှုဇုန်ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့်တွေ့ဆုံ ဓာတ်အားဖြန့်ဖြူးခြင်း လုပ်ငန်းဆိုင်ရာများ မှာကြား

ရန်ကုန် မေ ၂၆

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် မေ ၂၅ ရက်တွင် တာဝန်ရှိသူများလိုက်ပါလျက် ဒဂုံမြို့နယ် ဦးဝိစာရမီးပွိုင့်ရှိ မာကျူရီမီးဆလိုက်တိုင် သုံးတိုင်မှမီးလုံးများ အစားထိုးတပ်ဆင်ခြင်း၊ မီးလိုင်းပြုပြင်တပ်ဆင်ခြင်းလုပ်ငန်းအား ယာဉ်စက်ယန္တရားအသုံးပြု၍ လျှပ်စစ်ကျွမ်းကျင်လုပ်သားများဖြင့် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်) စက်မှုဇုန်(၂) ကြီးကြပ်မှုကော်မတီရုံး၌ ဒဂုံမြို့သစ်(တောင်ပိုင်းမြို့နယ်)၊ စက်မှုဇုန်(၁၊ ၂၊ ၃)တို့မှ စက်မှုဇုန်ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဓာတ်အားလိုင်းတိုင်များ ပြုပြင်တည်ဆောက်ခြင်းနှင့် ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းဆိုင်ရာများ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဝန်ကြီးသည် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရုံးခွဲရုံသို့ သွားရောက်ပြီး ဓာတ်အားအဝင် လက်ခံရရှိမှုနှင့် အထွက်ဖီဒါ ခုနစ်ခုဖြင့် ဓာတ်အားဖြန့်ဖြူးပေးနေမှု အခြေအနေ၊ Control Panel များနှင့် ထရန်စဖော်မာများ အခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဝန်ကြီးသည် အလုံမြို့နယ် ကမ်းနားလမ်းရှိ Asia World ကုန်တင်ကုန်ချဆိပ်ကမ်းသို့ LU SHAN သင်္ဘောဖြင့် ပြည်ပမှရောက်ရှိလာသည့် ရဲရွာ-ဘဲလင်း-မိတ္ထီလာ 230-KV မဟာဓာတ်အားလိုင်းတိုင် စီမံကိန်းအတွက် ဓာတ်အားလိုင်းပစ္စည်း ၁၁၁၆ တန်ရောက်ရှိမှု၊ ရွှေလီ-မန်စံ-ရွှေစာရံ 230 KV ဓာတ်အားလိုင်း စီမံကိန်းအတွက် ACSR ကြိုး တန် ၂၉၈၀ ရောက်ရှိမှု၊ ဘဲလင်းဓာတ်အားခွဲရုံနှင့် နေပြည်တော် ပင်မဓာတ်အားခွဲရုံသုံး 100 MVA ထရန်စဖော်မာနှင့် ခွဲရုံသုံးဆက်စပ်ပစ္စည်း ၅၆၂ ဒသမ ၇၇ တန်နှင့် လျှပ်စစ်စီမံကိန်းသုံးပစ္စည်းများ သင်္ဘောပေါ်မှချခြင်း၊ စီမံကိန်းများသို့ ပို့ဆောင်နိုင်ရန် မော်တော်ယာဉ် ၁၁၇ စီးဖြင့် စီမံကိန်းလုပ်ငန်းများသို့ တင်ပို့မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Dr. Arnelz Rivera ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့် ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ကျန်းမာရေးဆပ်ကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် မေ ၂၆

အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ကျန်းမာရေး ဆပ်ကော်မတီ၏ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်း ရေဘေး၊ လေဘေးအရေးပေါ် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းရှိ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်သည်။

ရှေးဦးစွာ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်က ရန်ကုန်တိုင်းအတွင်း ဗဟိုနှင့် တိုင်းအဆင့်မှ တာဝန်ရှိသူများအား လေဘေး၊ ရေဘေးသင့်ခံရသော မြို့နယ်များ၏ ဆေးအဖွဲ့များသို့ ပံ့ပိုးအကူအညီပေးမည့် ရွေ့လျားဆေးအဖွဲ့ (Medical Mobile Team)နှင့် အထူးကုဆေးအဖွဲ့ (Specialist Team)များ ဖြန့်ဝေ ခွဲချထားမှုနှင့် အဖွဲ့များ၏ ဆေးကုသမှုလုပ်ငန်းများ၊ ပြည်သူ့ကျန်းမာရေးအဖွဲ့ (Public Health Team) များ၏ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဧရာဝတီတိုင်းအတွင်း တာဝန်ယူ ကွင်းဆင်းသွားရောက်ခဲ့ကြသည့် ဆရာဝန်ကြီးများက လေဘေးသင့်မြို့နယ်များ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ရာတွင် တွေ့ရှိရသည့် အားသာချက်နှင့် အားနည်းချက်များကို ရှင်းလင်း တင်ပြကြသည်။

ဆွေးနွေးမှာကြား

ယင်းနောက် ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လေဘေးသင့်ပြည်သူများ ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားစေရန်အတွက် သောက်သုံးရေများကို ကလိုရင်းဆေးခတ်ပြီး ရေများကိုသာ သောက်သုံးရန်နှင့် သောက်သုံးရေ လုံလောက်စွာရရှိရေးကို စီစဉ်ဆောင်ရွက်ပေးရန်၊ ယင်လုံအိမ်သာများ ဆောက်လုပ်သုံးစွဲစေပြီး အသုံးပြုပြီးသော အိမ်သာကျင်းများကို စနစ်တကျမြေဖို့ခြင်း၊ မြွေဆိပ်ဖြေဆေးများကို လုံလောက်စွာ ထားရှိပေးရန်နှင့် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုမရှိအောင် ကြိုတင်ဆောင်ရွက်ထားရှိရန်၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို အစဉ်မပြတ်ဆောင်ရွက် သွားကြရန်နှင့် ကိုယ်ဝန်ဆောင် မိခင်များအား မမွေးဖွားမီ တစ်ပတ်အလို ဆေးရုံသို့ ရောက်ရှိနိုင်ရေးအတွက် ဆောင်ရွက်ထားရှိရန်တို့ကို ဆွေးနွေးမှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖိလစ်ပိုင်သမ္မတနိုင်ငံ ဆေးအကာအကွယ်ပေးရေးအဖွဲ့ ရောက်ရှိ

ရန်ကုန် မေ ၂၆

ဖိလစ်ပိုင်သမ္မတနိုင်ငံမှ Dr. Arnelz Rivera ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့သည် ယနေ့မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် C-130 လေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ ဆေးအကာအကွယ်ပေးရေးအဖွဲ့နှင့်အတူ ရေသန့်များ၊ အစားအစာများ၊ စောင်များ၊ ဆေးနှင့် ဆက်စပ်ပစ္စည်းများ၊ အဝတ်အထည်များ၊ ပလတ်စတစ်စများ စုစုပေါင်း ၉ ဒသမ ၁၇၆ တန်ပါရှိပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သင့်သွေးဖြင့် အသက်ကယ်ပါ

မီးဘေးရှောင် မလောင်ခင်တား

လေဘေးသင့် ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုပေး

စိုက်ပျိုးရေးအတွက် လက်တွန်းထွန်စက်များ ပေးပို့

ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေး

ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့ ကျောက်တန်းမြို့နယ် ပန်းတောကျေးရွာ လေဘေးသင့်ပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးစဉ် ။

(မြို့တော်စည်ပင်)

လက်တွန်းထွန်စက်များ

ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များအတွက် လှူဒါန်းသော လက်တွန်းထွန်စက်များ အနက်မှ ၅၅၁စီး ကို မော်တော်ယာဉ်များဖြင့် တင်ဆောင်၍ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့နယ်များသို့ ထွက်ခွာသွားစဉ်။

(သတင်းစဉ်)

ရေသန့်စင်စက်

လေဘေးသင့်ခဲ့သော ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ ရတနာဒီပ အားကစားကွင်း လေဘေးကယ်ဆယ်ရေးစခန်း၌ တပ်ဆင်ထားသည့် ရေသန့်စင်စက်ကို တွေ့ရစဉ်။

(သတင်းစဉ်)

ကလိုရင်းဆေးခတ်

ဧရာဝတီတိုင်း ဘိုကလေးမြို့ရှိ ရတနာဒီပအားကစားကွင်း လေဘေးကယ်ဆယ်ရေးစခန်း၌ ရေသယ်သည့် ရေပုံး၊ ရေစည်များအတွင်း ကလိုရင်းဆေးခတ်ပေးနေသည်ကို တွေ့ရစဉ်။

(သတင်းစဉ်)

နေပူမိုးရွာမရှောင် လုပ်ငန်းများ ဆောင်ရွက်နေ
ဧရာဝတီတိုင်း ဖျာပုံမြို့ မကြာမီရာနှုန်းပြည့် မီးလင်းနိုင်မည်

သတင်းခရီးသည် - မောင်မောင်မြင့်ဆွေ
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

ဧရာဝတီတိုင်းသည် မုန်တိုင်းဒဏ် အခံရဆုံးဖြစ်သည်။ ထို့ကြောင့် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးများကို ကျန်ဒေသများထက် ပိုမိုအားစိုက်ဆောင်ရွက်ရသည်။ ပုံမှန်အနေအထားအတိုင်း အမြန်ဆုံးပြန်လည်ရောက်ရှိရေး ကြိုးစားလုပ်ကိုင်လျက် ရှိသည်။

''ဖျာပုံ - ကျိုက်လတ်အပိုင်းကို တာဝန်ယူဆောင်ရွက်နေတာပါ''
ဒုတိယဗိုလ်မှူးကြီးရန်လင်း
ဒုတိယအင်ဂျင်နီယာချုပ်
လျှပ်စစ်ဓာတ်အား
ဖြန့်ဖြူးရေးလုပ်ငန်း။

မုန်တိုင်းဒဏ်ခံရသော ဖျာပုံမြို့အား လျှပ်စစ်မီးများ ရာနှုန်းပြည့် ပြန်လည်ရရှိအောင် တာဝန်ရှိသူများက မနားမနေ ဆောင်ရွက်လျက်ရှိရာ လျှပ်စစ်ဓာတ်အား

ချုပ် ဒုတိယ ဗိုလ်မှူးကြီးရန်လင်းနှင့်တွေ့ဆုံကာ လုပ်ငန်းအကောင်အထည်ဖော်နေမှုများကို တွေ့ဆုံမေးမြန်းခဲ့သည်။

''အခုအချိန်မှာ ၁၀၀ ကေဗွီ အေမီးစက်နဲ့ ဖျာပုံမြို့ကိုမီးပေးနေပါတယ်။လက်ရှိမီးပေးထားတဲ့နေရာတွေကတော့ ဆေးရုံ၊ ကွပ်ကဲရေးရုံး၊ ဘဏ်၊ မြို့နယ်စည်ပင်သာယာရေးရုံး၊လမ်းမီးတွေနဲ့ လူနေအိမ် အချို့ကိုပေးထားပါတယ်။ မီးလိုင်းတွေကို အပြီးသတ်ရှင်းလင်းမှုတွေ ပြုလုပ်နေတာမို့ လျှပ်စစ်မီး တိုးချဲ့ပေးသွားမှာပါ''ဟု ဖြေကြားသည်။

ဖျာပုံမြို့၌ လမ်းမီးများလင်းနေသည်။ အစိုးရရုံးများနှင့် လူနေအိမ် အချို့လည်း မီးလင်းနေ

ကျိုက် လတ်အပိုင်းမှာ တာဝန်ယူလုပ်ကိုင်နေသလို ကျွန်တော်က ဖျာပုံ-ကျိုက်လတ် အပိုင်းကို တာဝန်ယူ ဆောင်ရွက်နေတာ ပါ။ ကျွန်တော်တို့ ဒုတိယဝန်ကြီးကိုယ်တိုင်လည်း ဖျာပုံမှာနေပြီးအနီးကပ်ကြီးကြပ်နေပါတယ်''ဟုဒုတိယဗိုလ်မှူးကြီး ရန်လင်းက ပြောပြသည်။

မှန်ပါသည်။ မိုးရွာနေသည့်ကြား

''မီးလင်းနိုင်အောင်နေ့တိုင်း နားရက်မရှိ လုပ်ကိုင် နေတာပါ'' (ဦးမိုးအောင် လိုင်းမင်း)

မှ ဓာတ်တိုင်များ ထူနေကြသည့် လျှပ်စစ်ဝန်ထမ်းများ၊ပြတ်သွားသော ဓာတ်ကြိုးများကို ပြန်ဆက်နေသော ဝန်ထမ်းများကို တွေ့မြင်ရသည်။ သူတို့ကို ဒုတိယ အင်ဂျင်နီယာ

ချုပ် ဖြစ်သည့် ဒုတိယဗိုလ်မှူးကြီး ရန်လင်းက အနီးကပ် ညွှန်ကြားနေသည်ကိုလည်း တွေ့ရသည်။

ဖျာပုံ၌ လျှပ်စစ်ဓာတ်အားပုံမှန်ရရှိရေးဆောင်ရွက်ရာတွင် ဝန်ထမ်းအင်အားသုံးစွဲမှုနှင့် ပတ်သက်၍လည်း ''ကျွန်တော်တို့အနေနဲ့ ပြည်နယ်နဲ့ တိုင်းက လျှပ်စစ်ဝန်ထမ်းအင်အားတွေစုပြီး ဒီမှာ လုပ်ငန်းဆောင်ရွက်နေတာဖြစ်ပါတယ်။ ကချင်နဲ့ရခိုင် ပြည်နယ်က ဝန်ထမ်းအင်အားတွေခေါ်ယူပြီး လုပ်ကိုင်နေတာပါ။ နောက်ပြီးဒေသခံလျှပ်စစ်ဝန်ထမ်းတွေရဲ့ အင်အားနဲ့ ပူးပေါင်းလုပ်ဆောင်နေတာမို့ မကြာခင်မှာ လျှပ်စစ်ဓာတ်အား ပြန်ရမှာဖြစ်ပါတယ်။ပစ္စည်းလိုအပ်မှုတွေကိုလဲ ရန်ကုန်ကနေပြီး ပို့ပေးသလို ဓာတ်တိုင်လိုအပ်မှုအတွက် မီးရထားဝန်ကြီးဌာနက သံလမ်းအချောင်း ၅၀၀ ပေးပို့ ကူညီထားပါတယ်။ လောလောဆယ်မှာတော့ ကျောက်တိုင်တွေစိုက်ထူနေပြီး မြို့တွင်းလျှပ်စစ်မီးအပြည့်အဝ ရရှိရေးကိုခရိုင်ဦးစီးမှူးကလဲ ကြီးကြပ်ဆောင်ရွက်ပေးပါတယ်'' ဟု ၎င်းက ဆက်လက်ရှင်းပြသည်။

ထို့အပြင် မုန်တိုင်းကြောင့် ပျက်စီးသွားသော အိမ်သုံးမီတာများကိုလည်း စာရင်းကောက်နေပြီး

အသစ်များဖြင့် အစားထိုး တပ်ဆင်ပေးသွားမည် ဖြစ်သည်။

ထို့နောက် ဖျာပုံမြို့အတွင်း ဓာတ်တိုင်စိုက်ထူနေသော လျှပ်စစ်ဝန်ထမ်းအဖွဲ့၏ လုပ်ငန်းလုပ်ကိုင်မှုကို ရပ်ကြည့်မိသည်။ မိုးရွာနေသည့်ကြားမှ ဓာတ်တိုင်ပေါ်တက်ပြီး ဓာတ်ကြိုးချိတ်နေသူ၊ ကြွေသီးများတပ်ဆင်နေသူများမှာ အားကြိုးမာန်တက် လုပ်ကိုင်လျက်ရှိသည်ကို တွေ့ရသည်။

တွေကတော့ ရာခိုင်နှုန်းပြည့်ပြီးစီးအောင် ကြိုးစားနေပါတယ်။ မကြာခင်မှာ မီးလင်းနိုင်အောင်နေ့တိုင်း နားရက်မရှိ လုပ်ကိုင်နေတာပါ'' ဟု ရှင်းပြသည်။

ဖျာပုံမြို့အတွင်း ပြိုလဲနေသော ကွန်ကရစ်တိုင်များကို ဝန်ချီစက်ဖြင့် ပြန်လည်စိုက်ထူမှုလုပ်ငန်း၊ ဓာတ်ကြိုးသွယ်တန်းခြင်းလုပ်ငန်း

ပြုပြင်ပြီးစီး

ဧရာဝတီတိုင်း ဖျာပုံမြို့နယ် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ပြုပြင်ပြီးစီးမှုကို ဤသို့တွေ့ရသည်။

ထိုအဖွဲ့မှ လိုင်းမင်းဖြစ်သူ ဦးမိုးအောင်အား မေးမြန်းကြည့်ရာ ''ဒီဓာတ်တိုင်ကပြိုလဲသွားတာမို့ကျောက်တိုင်ထူပြီး ကြွေသီးတပ်နေတာပါ။ တိုင်ထောင်မှုများကို နေပူမိုးရွာမရှောင် လုပ်ကိုင်နေရာ ဖျာပုံမြို့မှာ မကြာခင်အချိန်အတွင်း ရာနှုန်းပြည့် မီးလင်းနိုင်တော့မည်ဖြစ်ပါကြောင်း။ ။

ကြွေသီးများကို ဤသို့ အားကြိုးမာန်တက် တပ်ဆင်လျက်ရှိသည်ကို တွေ့ရသည်။

ဖြန့်ဖြူးရေးလုပ်ငန်းမှ တာဝန်ရှိ လူကြီးများကိုယ်တိုင် ဖျာပုံမြို့သို့ရောက်ရှိ ရုံးထိုင်ကာ အနီးကပ်ကြီးကြပ် အကောင်အထည်ဖော် လုပ်ကိုင်နေသည်ကို တွေ့ရသည်။

ထို့ကြောင့် ဖျာပုံမြို့၌ရောက်ရှိ ရုံးထိုင်ကာ လျှပ်စစ်ဓာတ်အား ရရှိရေး လုပ်ငန်းများ ဆောင်ရွက်နေသောလျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှဒုတိယအင်ဂျင်နီယာ

သည်ကို တွေ့ရ သည်။ ထို့နောက် လက်ရှိဆောင်ရွက် နေမှုများကို မေးမြန်းရာ ''မဟာဓာတ်အားလိုင်းက မီးရရှိပြီး အမြန်ဆုံး ဖြန့်ဖြူးပေးနိုင်အောင် လုပ်ဆောင်နေပါတယ်။ မုန်တိုင်းကြောင့် ပြိုလဲနေတဲ့ ဓာတ်တိုင်တွေ၊ ဓာတ်ကြိုးတွေကို ပြန်ထူ၊ ပြန်ဆက်ပြီး အချိန်ပြည့် လုပ်ငန်းဆောင်ရွက်နေပါတယ်။ အင်ဂျင်နီယာချုပ်က မအူပင်-

လျှပ်စစ်မီးများ ဖြန့်ဖြူးပေးထား

ဖျာပုံမြို့ မြို့လယ်တွင် ညပိုင်း၌ လမ်းများအတွင်း လျှပ်စစ်မီးများ ဖြန့်ဖြူးပေးထားမှုကို ဤသို့ တွေ့ခဲ့ရသည်။

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Gunilla Carlsson တို့ ဒေးဒရဲမြို့ ကျွဲဒါးကျေးရွာ ကယ်ဆယ်ရေးစခန်း၌ ကြည့်ရှုလေ့လာစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး Ms. Gunilla Carlsson တို့ ဖျာပုံမြို့ အမှတ် (၁)ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီးဦးစိုးသာနှင့် ဆွီဒင်နိုင်ငံမှ ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့ ဖျာပုံမြို့နှင့် ကျွဲဒါးကျေးရွာရှိ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြည့်ရှုလေ့လာ

ရန်ကုန် မေ ၂၆

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဝန်ကြီးဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်(Ms. Gunilla Carlsson) တို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆွီဒင်နိုင်ငံသံအမတ်ကြီး Mr. Lennart Linner နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက် ၈ နာရီတွင် ရဟတ်ယာဉ်ဖြင့် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ဖျာပုံမြို့သို့ သွားရောက်ကြသည်။

ဝန်ကြီး ဦးစိုးသာနှင့် အဖွဲ့သည် ဖျာပုံမြို့၌ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်နှင့်အတူ ဖျာပုံမြို့ရှိ အိန္ဒိယ-မြန်မာ ဆေးအဖွဲ့များ ပူးတွဲဖွင့်လှစ်ထားသော ဆေးကုသရေးစခန်း၌ လေဘေးသင့်လူနာများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုလေ့လာပြီး လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးစိုးသာနှင့် ဧည့်သည်တော် ဝန်ကြီး မစ္စဂန်နီလာကာလ်ဆွန်တို့ ဦးဆောင်သော အဖွဲ့သည် ဖျာပုံမြို့ အမှတ်(၁)ကယ်ဆယ်ရေးစခန်းနှင့် ကျွဲဒါးကျေးရွာ ကယ်ဆယ်ရေးစခန်းတို့သို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများအား တွေ့ဆုံအားပေးစကားပြောကြားကာ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုလေ့လာ၍ မုန်တိုင်းတိုက်ခတ်မှုဒဏ် ခံခဲ့ရသော ကွမ်းခြံကုန်းမြို့နှင့် တွံတေးမြို့များကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုလေ့လာပြီးနောက် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသာနှင့် ဆွီဒင်နိုင်ငံ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး Ms. Gunilla Carlsson တို့ ဒေးဒရဲမြို့နယ် ကျွဲဒါးကျေးရွာ ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား အားပေးစကားပြောကြားစဉ်။

(သတင်းစဉ်)

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိ

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြားဆရာဝန်များအဖွဲ့မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသည့် ဘိုကလေးမြို့နယ်နှင့် ကျိုက်လတ်မြို့နယ်တို့ကိုအခြေပြု၍ ကျေးရွာများမှ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများပေးရန် ကျန်းမာရေးဝန်ကြီးဌာန ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) မှ ညွှန်ကြားရေးမှူး(သုတေသန) ဒေါက်တာဦးသော်ဇင် ခေါင်းဆောင်သော ဆေးကုသရေးအဖွဲ့ နယ်လှည့်ဆေးကုသယာဉ်ဖြင့်ရန်ကုန်မြို့မှ ထွက်ခွာသွားကြစဉ်။

(ကျန်းမာရေး)

ကမ္ဘာအေးကုန်းမြေအတွင်းရှိ အဆောက်အအုံများ ပြုပြင်ပြီးစီးမှု ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် မေ ၂၅ ရက် နံနက်ပိုင်းတွင် မရမ်းကုန်းမြို့နယ် ကမ္ဘာအေးကုန်းမြေရှိ မဟာပါသာဏ လိုဏ်ဂူတော်ကြီးနှင့် ကျောင်းဆောင်ကြီးများ၊ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) ဝင်းအတွင်းရှိ အဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ဝန်ကြီးသည် ဝန်ကြီးရုံးခန်းမ၌ အလှူရှင်များက လေဘေးသင့် သာသနာရေးဆိုင်ရာ အဆောက်အအုံများအတွက် အလှူငွေ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားသို့ တက်ရောက်သည်။ ဆက်လက်၍ ဝန်ကြီးသည် ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နယ်သို့ သွားရောက်၍ မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဌ ဆရာတော်အား ဖူးမြော်ကြည်ညိုပြီး လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများနှင့် လေဘေးသင့်ပြည်သူများအတွက် စုစုပေါင်း ငွေကျပ် ၄၇သိန်း တန်ဖိုးရှိ လျှုဖွယ်ခြင်းကိုးခြင်း၊သင်္ကန်း ဒွိစုံ၁၆၄စုံ၊ သီလရှင်ဝတ်စုံ နှစ်စုံ၊ အဝတ်အထည် ၁၂၀၀နှင့် စားသောက်ဖွယ် ပစ္စည်းစုံအိတ် ၈၃ အိတ်တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ကျောက်တန်းမြို့နယ် ပြည်သူ့ဆေးရုံတွင် လေဘေးသင့်ပြည်သူများအား ကျန်းမာရေး ဝန်ကြီးဌာနမှ အထူးကု ဆရာဝန်ကြီးများအဖွဲ့၏ အခမဲ့ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ကွင်းဆင်း ဆောင်ရွက်မှုကို ကြည့်ရှုအားပေးစဉ်။ (ပို့ဆောင်ရေး)

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက်ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံမှထောက်ပံ့ရေးပစ္စည်းများရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ လေဘေးသင့် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေသည် မေ ၂၅ ရက် နံနက်ပိုင်းတွင် ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံ၌ ကျောက်တန်းမြို့နယ်အတွင်းရှိ လေဘေးသင့်ပြည်သူများအား မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်၏ စီစဉ်မှုဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ အထူးကုဆရာဝန်ကြီးများအဖွဲ့၏ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်နေမှု၊ လေဘေးသင့်ပြည်သူများအား ရောဂါ စမ်းသပ်ရှာဖွေခြင်းလုပ်ငန်း၊ ဆေးဝါးကုသပေးခြင်းလုပ်ငန်း၊ မျက်စိဝေဒနာရှင်များအား မျက်စိစမ်းသပ်ကုသပေးခြင်း၊ မျက်မှန်များပြုလုပ်ပေးခြင်းများကို သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ဝန်ကြီးသည် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ဌာနကြီးမှူးများနှင့်အတူကျောက်တန်း မြို့ ဆင်ကန်ယာယီကယ်ဆယ်ရေး စခန်းရှိ လေဘေးသင့် မိသားစုများအား နံနက်စာ ထမင်း၊ ဟင်းနှင့် ရေသန့်ဘူး၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်နှင့် အသုံးအဆောင် ပစ္စည်းများကို ထောက်ပံ့ပေးအပ်ကြပြီး ဆင်ကန် ကယ်ဆယ်ရေးစခန်း၌ လေဘေးသင့်ပြည်သူများအား ရောဂါရှာဖွေစမ်းသပ်ပေးခြင်း၊ ဆေးဝါးကုသပေးနေသည့် Lao Medical Team မှ ဆရာဝန်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ဆက်လက်၍ ဝန်ကြီးနှင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဌာနကြီးမှူးများ၊ စေတနာရှင် အလှူရှင်များသည် ကျောက်တန်းမြို့ ငွေသောင်ယံလေဘေးသင့်ကယ်ဆယ်ရေး စခန်းသို့ သွားရောက်၍ လေဘေးသင့် မိသားစုများအား နံနက်စာ ထမင်း၊ ဟင်း၊ ရေသန့်ဘူး၊ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်၊ ဆေးဝါးနှင့် အသုံးအဆောင် ပစ္စည်းများအား ထောက်ပံ့ပေးအပ်ကြပြီးရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ ဝန်ကြီးသည် ကျောက်တန်းမြို့ပေါ်ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှ စေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၆

လေဘေးသင့်ပြည်သူများအတွက် ပြည်တွင်းပြည်ပမှစေတနာရှင် အလှူရှင်များက အလှူငွေများ ဆက်လက်လှူဒါန်းလျက်ရှိရာ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော် ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ)ရှိ အလှူငွေလက်ခံရာဌာနသို့ မေ ၂၅ရက်က လာရောက်လှူဒါန်းကြသည့် အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေး ဆပ်ကော်မတီဥက္ကဌ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံသည်။

မေ ၂၅ရက်က လှူဒါန်းကြသည့် အလှူရှင်များမှာ ဒုတိယဗိုလ်မှူးကြီး စိန်မောင်(ငြိမ်း)နှင့်ဒေါ်တင်တင်ဦးက ငွေကျပ်တစ်သိန်း၊ ကွယ်လွန်သူ ဖခင်အား ရည်စူး၍ ဇနီးဒေါ်ကြည်၊ သား မောင်အုန်းမောင်၊ သမီးမအေးမြင့်၊ မအေးသန်း၊ မအေးလှ၊ မချိုချိုအေး တို့က ငွေကျပ်ခြောက်သောင်း၊ ဦးထင်အောင်နှင့် ဒေါ်ဖြူဖြူသင်းမိသားစုက ငွေကျပ် သုံးသိန်း၊ ဦးသန်းထိုက်က ငွေကျပ်တစ်သိန်း၊ ဒေါက်တာ ကျော်ကျော်နှင့် ဒေါ်စောမာလာရီ မိသားစုက ငွေကျပ် တစ်သိန်း၊ ဦးခင်မောင်ဝင်းနှင့် ဒေါ်ကေသီမိသားစုက ငွေကျပ် တစ်သိန်း၊ ဦးသန်းလွင် (အတိုင်ပင်ခံပုဂ္ဂိုလ်-ကမ္ဘောဇဘဏ်) နှင့် ဒေါ်မြင့်မြင့်သန်းက ငွေကျပ် သုံးသိန်း၊ ကွယ်လွန်သူ မိဘနှစ်ပါးဖြစ်သော ဦးရွှေလျောင်နှင့် ဒေါ်ငွေဘော်၊ ညီမများဖြစ်သော ဒေါ်မြင့်မြင့်ဝင်း၊ ဒေါ်ညွန့်ဝေတို့အား ရည်စူး၍ ဒေါ်ကျင်မြက ငွေကျပ်သိန်း ၂၀၊ ရွှေတောင်ကြား(၁)နေ ဒုတိယဗိုလ်ချုပ်ကြီး အေးသောင်(ငြိမ်း)နှင့် ဇနီး ဒေါ်တင်တင်အေး၊ သားသမီးမြေးတစ်စုက ငွေကျပ် နှစ်သိန်းနှင့် ရွှေတောင်ကြား(၁)နေ ဒေါ်မြင့်မြင့်အေးက ငွေကျပ်နှစ်သိန်းတို့ဖြစ်ပြီး လက်ခံရရှိသည့်အလှူငွေစုစုပေါင်းမှာ ငွေကျပ်၃၁သိန်း၉သောင်းဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဆေးအဖွဲ့ဝင်များ မြောင်းမြမြို့ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

ရန်ကုန် မေ ၂၆

ကျန်းမာရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏ အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ရောက်ရှိနေကြသော ထိုင်းနိုင်ငံကျန်းမာရေးဝန်ကြီးဌာနမှ Deputy Permanent Secretary, Dr.Siripon Kanshana၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး Mr. Bansarn Bunnag နှင့် အဖွဲ့ဝင်များသည် မေ ၂၂ ရက် မွန်းလွဲပိုင်းတွင် မြောင်းမြမြို့သို့ ရောက်ရှိကြပြီး တန် ၂၅၀ ဆန်စက်ဝင်းအတွင်း ဖွင့်လှစ်ထားသော လေဘေးကယ်ဆယ်ရေးစခန်း၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ Dr. Pichit ခေါင်းဆောင်သောအဖွဲ့အား သွားရောက်တွေ့ဆုံပြီး ထိုင်းနိုင်ငံမှ ထပ်မံပေးပို့သည့် ဆေးပစ္စည်း ၁၉ မျိုးကို ပေးအပ်သည်။

ဆောင်ရွက်ပေး

မြောင်းမြမြို့နယ် တန်၂၅၀ ဆန်စက် လေဘေးကယ်ဆယ်ရေးစခန်း၌ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများ၊ ကာကွယ်ရေး ဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး ဆေးတပ်ဖွဲ့မှ ဒုတိယဗိုလ်မှူးကြီး ကျော်ဇင်ညွှန့် ဦးဆောင်သော ဆေးတပ်ဖွဲ့နှင့်အတူ ထိုင်းနိုင်ငံ ကျန်းမာရေး ဝန်ကြီးဌာနမှ ဝန်ထမ်းများပူးပေါင်း၍ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မေ ၂၅ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာ ဆက်သွယ်ရေးဌာနကြီးမှူး နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဇနီး ဒေါ်မြင့်မြင့်စိုးနှင့်အဖွဲ့ဝင်များ ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အမှတ်(၁၇)ရပ်ကွက်၌ လေဘေးသင့်ပြည်သူများအား ငွေကျပ် ငါးသိန်းတန်ဖိုးရှိ ဆန်အိတ်များ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းစဉ်။ (သတင်း-ဖော်ပြပြီး)(နိုင်ငံခြားရေး)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လေဘေးသင့်ပြည်သူများအတွက် တစ်ဘီးမောင်းလက်တွန်းထွန်စက် အစီး ၁၀၀ ထောက်ပံ့လှူဒါန်း

နေပြည်တော် မေ ၂၆

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် မေ ၁၄ရက် နံနက် ၁၀နာရီခွဲတွင် ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၁)ရှိ ဂွဒ်ဘရားသားစ် ကုမ္ပဏီလီမိတက်၏ မန္တလာလက်တွန်းထွန်စက် စက်ရုံသို့ ရောက်ရှိပြီး စက်ရုံထုတ် တစ်ဘီးမောင်းထွန်စက်၊ ယာဉ်ဖုန်း DG-18,DF-15ထွန်စက်၊ ဝန်တင်သုံးဆိုင်ကယ်၊ စပါးရိတ်သိမ်းခြွေလှေ့စက်၊ ထော်လာဂျီနှင့် ကားထော်လာဂျီများ ခင်းကျင်းပြသထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

မှာကြား

ယင်းနောက် စက်ရုံရှင်းလင်းဆောင်၌ တစ်ဘီးမောင်းထွန်စက်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို အရောင်းမန်နေဂျာ ဦးမျိုးအောင်က ရှင်းလင်းတင်ပြရာ တိုင်းမှူးက လိုအပ်ချက်များကို မှာကြားသည်။

အဆိုပါ တစ်ဘီးမောင်းလက်တွန်းထွန်စက် အစီး ၁၀၀ကို ငွေကျပ် သိန်း ၇၀၀ ဖြင့် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လေဘေးသင့်ဒေသများအတွက် ဝယ်ယူပြီး ရန်ကုန်တိုင်းသို့ ထောက်ပံ့လှူဒါန်းပြီးဖြစ်သည်။

ယင်းတစ်ဘီးမောင်း လက်တွန်းထွန်စက်များသည် ထွန်ယက်ခြင်းအပြင် ပဲ့ထောင်စက်၊ ရေစုပ်စက်၊ လျှပ်စစ်မီး ရရှိရေးအတွက် ဆက်စပ်အသုံးပြုနိုင်မည်ဖြစ်သည်။ မန္တလာလက်တွန်းထွန်စက်စက်ရုံမှ နှစ်နှစ်အာမခံချက် ပေးထားပြီး ပျက်စီးချွတ်ယွင်းမှုများအတွက် ကုမ္ပဏီမှ အခမဲ့ပြုပြင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကာ စက်အရန်ပစ္စည်းများကို နိုင်ငံခြားသွင်းကုန်အစားထိုးအနေဖြင့် မန္တလေးတော်ဝင်စက်မှုလက်မှု ကုမ္ပဏီလီမိတက်မှ လိုအပ်သရွေ့ ထုတ်လုပ်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်ထံ လေဘေးသင့်ဒေသများအတွက် မြန်မာတယ်လီပို့မှ ငွေကျပ် သိန်း ၁၀၀၀ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဝန်ကြီးဗိုလ်မှူးချုပ်သိန်းဇော်နှင့် ဝန်ကြီးဗိုလ်မှူးချုပ်မောင်မောင်သိမ်း လေဘေးသင့်ပြည်သူများအတွက် ငွေလှူဒါန်းပွဲ တက်ရောက်

ရန်ကုန် မေ ၂၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် နှင့် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မေ ၂၅ရက်တွင် ရန်ကုန်မြို့ ဟံသာဝတီဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း အဆောက်အအုံနှင့် မြေနေရာချထားရေးအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားကြသည်။

ဆက်လက်၍ ရတနာပုံမြို့သစ်တည်ဆောက်ရေး မန်နေဂျာက ရတနာပုံမြို့သစ်စီမံကိန်း မြေနေရာချထားရေးကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ရင်းနှီးမြှုပ်နှံမည့် ကုမ္ပဏီအသီးသီးက ရင်းနှီးမြှုပ်နှံဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြရာ ဝန်ကြီးများက လိုအပ်သည်များကိုမှာကြားပြီး သတ်မှတ်ချိန်အတွင်း သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီ ဆောက်လုပ်ကြရန် မှာကြားသည်။

ထို့နောက် လေဘေးသင့်ဒေသများအတွက် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ ငွေကျပ် သိန်း၁၀၀၊ မြန်မာ တယ်လီပို့က ငွေကျပ် သိန်း ၁၀၀၀၊ Myanmar Info-Tech မှ ငွေကျပ်သိန်း ၁၀၀၊ တာမိုးညဲချမ်းသာ ထွန်းဝေသာကုမ္ပဏီမှ ငွေကျပ်သိန်း ၁၀၀၊ မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ်က ငွေကျပ် သိန်း ၅၀၊ မြန်မာနိုင်ငံကွန်ပျူတာလုပ်ငန်းရှင်များ အသင်းကငွေကျပ် သိန်း ၅၀၊ ကွန်ပျူတာကုမ္ပဏီများမှ ငွေကျပ် ၃၅သိန်း၊ ကွန်ပျူတာပညာရှင်များအသင်းကငွေကျပ် ၁၀သိန်း၊ ရတနာပုံ Cyber Corporation ကအလှူငွေကျပ် ၁၀သိန်း၊ ZTE, Co.,Ltd.မှTelecom Equipment များအတွက် အမေရိကန်ဒေါ်လာ ၃ ဒသမ ၃သန်းနှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀ တန်ဖိုးရှိ စောင်များ၊ FISCA Co.,Ltd. မှ အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ တန်ဖိုးရှိသောEmergency Carmobile SCDMA System ၊ Alcaltel Shanghai Bell Co.,Ltd မှ အမေရိကန်ဒေါ်လာ ၉၃၀၀၀ တန်ဖိုးရှိ ဆက်သွယ်ရေးပစ္စည်းများနှင့်ဆေးဝါးပစ္စည်းများ၊ Sum Moon International Pte.Ltd. က အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တန်ဖိုးရှိသော ဆက်သွယ်ရေးစက်ပစ္စည်းများ၊IPTel Co.,ကအမေရိကန်ဒေါ်လာ ၆၀၀၀၀ တန်ဖိုးရှိ ဆက်သွယ်ရေး စက်ပစ္စည်းများ စုစုပေါင်း ငွေကျပ် ၁၄၅၅ သိန်းနှင့် အမေရိကန်ဒေါ်လာ ၃ဒသမ၇၁၃ သန်း တန်ဖိုးရှိ ပစ္စည်းများကိုပေးအပ်လှူဒါန်းကြရာဝန်ကြီးများက လက်ခံကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်း ဖွင့်ပွဲကျင်းပ

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ) များဖြစ်ကြသော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌမြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့သည် မေ ၂၃ ရက် နံနက်ပိုင်းက ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် (၁၈)ရပ်ကွက်၌ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ အစီအစဉ်ဖြင့် ဆောင်ရွက်ခဲ့သော ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးပြီး ဖွင့်လှစ်ပေးသည်။

ယခုဖွင့်လှစ်သော ဖြိုးစေတနာ (အခမဲ့) ဆေးကုခန်းသည် ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဖွင့်လှစ်ခဲ့သည့် ၂၁ခုမြောက်ဆေးကုသခန်းဖြစ်သည်။

၂၁ ခုမြောက် ဖွင့်လှစ်သည့် ဖြိုးစေတနာ(အခမဲ့)ဆေးကုခန်းသည် လှိုင်သာယာမြို့နယ်အမှတ် (၁၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်းနှင့် ရွှေရင်အေးလမ်းထောင့်၌ တည်ရှိသည်။ ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းကိုအစိုးရရုံးပိတ်ရက်များမှအပ နေ့စဉ်ဖွင့်လှစ်ထားပြီး နိုင်ငံခြားနှင့် မြန်မာတိုင်းရင်းဆေးကုသမှုနှစ်မျိုးလုံးဖြင့် ကုသပေးကြောင်း သိရှိရသည်။ (၁၉)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် (ရန်ကုန်တိုင်းတာဝန်ခံ)များ ဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီး မောင်ပါတို့ (၂၁)ခုမြောက် ဖြိုးစေတနာ(အခမဲ့) ဆေးကုခန်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (၁၉)

အထူးကုဆရာဝန်ကြီးများ ပါဝင်သော အထူးကုအဖွဲ့ ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ်၌ အခမဲ့ဆေးကုသ

ရန်ကုန် မေ ၂၆

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ လုပ်ငန်းအဖွဲ့ခေါင်းဆောင်များ၊ အတွင်းရေးမှူးအဖွဲ့ဝင်များ၊ ကျန်းမာရေးအဖွဲ့ခွဲမှ ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကုသမားတော်ကြီးများ၊ မျက်စိအထူးကုဆရာဝန်ကြီးများ၊ ကလေးအထူးကု ဆရာဝန်ကြီးများ၊ အထွေထွေရောဂါကု ဆရာဝန်များ ပါဝင်သော အထူးကုအဖွဲ့သည် ကျောက်တန်းမြို့ ပြည်သူ့ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ၊ ကြက်ခြေနီများ ပါဝင်ဆောင်ရွက်မှုဖြင့် မေ ၂၅ရက် နံနက်ပိုင်းတွင် ကျောက်တန်းမြို့နယ် မင်းလမ်းရှိ ပြည်သူ့ဆေးရုံ၌ ကျောက်တန်းမြို့နယ်အတွင်းရှိ ပြည်သူများအားအခမဲ့ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

အဆိုပါအထူးကုအဖွဲ့သည် ကျောက်တန်းမြို့နယ်အတွင်းရှိ မျက်စိဝေဒနာရှင် ၃၂၂ ဦး၊ ကလေးလူနာ ၁၅၀၊ အထွေထွေလူနာ ၃၆၈ဦး စုစုပေါင်း ၈၅၀ တို့ကို အခမဲ့ကြည့်ရှုစမ်းသပ်စစ်ဆေးပေးခဲ့ပြီး လိုအပ်သည့် ဆေးဝါးများနှင့် မျက်မှန်များကို ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထို့အတူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဦးဆောင်၍ ရန်ကုန်မြို့ ကန်တော်ကြီး ပုလဲကျန်းမာရေးမိသားစုက ကျောက်တန်းမြို့နယ်ရှိ ဆင်ကန်လေဘေးကယ်ဆယ်ရေးစခန်းနှင့် ငွေသောင်ယံ လေဘေးကယ်ဆယ်ရေးစခန်းများ၌ လေဘေးသင့်ပြည်သူများအား အဝတ်အထည်၊ ထမင်းထုပ်နှင့် စားသောက်ကုန်ပစ္စည်းများကို လှူဒါန်းခဲ့သည်။

အလားတူ ဒေါက်တာ ဒေါ်ခင်ဆန်းနွယ် ဦးဆောင်သော အထူးကုဆရာဝန်များအဖွဲ့သည် ကျောက်တန်း မြို့နယ် ပန်းတောကျေးရွာ၌ လေဘေးသင့်ပြည်သူများအတွက် ဆန် ၁၅ အိတ်လှူဒါန်းခဲ့ကြောင်း သိရသည်။ (သတင်းစဉ်)

လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းသည့် အလှူငွေနှင့် ပစ္စည်းများလက်ခံ

ရန်ကုန် မေ ၂၆

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်သည် ဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့်အတူ မေ ၂၆ ရက် နံနက်ပိုင်းတွင် လှည်းကူးမြို့ နိဗ္ဗာန်စိန်ဖူးကျောင်းတိုက်၌ မြို့နယ် သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အား ဖူးမြော်ကြည်ညို၍ လေဘေးသင့်ဘုန်းတော်ကြီးကျောင်းများအတွက် စုစုပေါင်းငွေကျပ် ၂၁၃၁၀၀၀ တန်ဖိုးရှိ သင်္ကန်းဒွိစုံ ၂၇၀၊ သီလရှင်ဝတ်စုံ ၃၉စုံ၊ လှူဖွယ်ခြင်း ငါးခြင်းတို့ကို ပေးအပ်လှူဒါန်းပြီး မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော သာသနိကအဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် မေ ၂၆ ရက် ညနေ ၃နာရီတွင် ဝန်ကြီးရုံး ဧည့်ခန်းမ၌ စင်ကာပူနိုင်ငံ သီရိလင်္ကာကျောင်းတိုက်မှ ဆရာတော်ကြီး ဦးဆောင်သော မဟာကရုဏာရှင်အသင်းမှ လေဘေးသင့် ဘုန်းတော်ကြီးကျောင်းများအတွက် လှူဒါန်းသော သာမဏေသင်္ကန်းအစုံ ၁၀၀၀၊ သွပ်နှင့် စာရေးကိရိယာပစ္စည်းများအတွက် ငွေကျပ်ခုနစ်သိန်းနှင့် ကလေးဝတ်အဝတ်အထည် ပုံး ၂၀ တို့ကိုလည်းကောင်း၊ ပြင်ဦးလွင်မြို့မှ သီရိသုမေ့မဏိဇောတရေ ဒေါက်တာကျော်ဇောနှင့် ဇနီး ဒေါ်မေမျိုးမြတ် (စာပန်းအိမ်) မိသားစုမှလှူဒါန်းသော သင်္ကန်းဒွိစုံ အစုံ ၅၀၀ တို့ကို လက်ခံကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပေးအပ် လှူဒါန်း

ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေ အတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးထံ ဧရာဝတီတိုင်း လေဘေးသင့် မြို့နယ်များအတွက် အောင်ရီ ဖြိုးကုမ္ပဏီမန်နေဂျင်းဒါရိုက်တာ ဦးနေအောင်က လယ်ယာ(၁၆) လက်တွန်းထွန်စက် ၄၅၉ စီးကို ပေးအပ် လှူဒါန်းစဉ်။

(သတင်းစဉ်)

ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များသို့ လယ်ယာသုံးစက်ကိရိယာများ လှူဒါန်း

ရန်ကုန် မေ ၂၆

လေဘေးသင့်သည့် ဒေသများတွင် လယ်ယာလုပ်ငန်းများ ပြန်လည်ထူထောင်ပေးလျက်ရှိပြီး ဧရာဝတီတိုင်း လေဘေးသင့်မြို့နယ်များသို့ လယ်ယာသုံးစက်ကိရိယာများလှူဒါန်းခြင်း အခမ်းအနားကို ယနေ့ညနေ ၄ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ရွာသာကြီးကျေးရွာရှိ စက်မှုလယ်ယာဦးစီးဌာန မြန်မာ့လယ်ယာသုံးစက်ကိရိယာစက်ရုံ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ဌေးဦး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ၊ တာဝန်ရှိသူများနှင့် အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် မန်နေဂျင်းဒါရိုက်တာ ဦးနေအောင် (အောင်ရီဖြိုး ကုမ္ပဏီ)က လယ်ယာ (၁၆) လက်တွန်းထွန်စက် ၄၅၉စီး တန်ဖိုးငွေကျပ် ၅၀၀၃ ဒသမ ၁ သိန်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဌာနချုပ်မှလယ်ယာ(၁၆) လက်တွန်းထွန်စက် ၉၂စီး တန်ဖိုးငွေကျပ် ၁၀၀၂ ဒသမ ၈ သိန်း၊ မြန်မာနိုင်ငံ ဘဏ်လုပ်ငန်းရှင်များအသင်းမှ လယ်ယာ(၂၂)လက်တွန်းထွန်စက် အစီး ၁၀၀ တန်ဖိုးငွေကျပ်သိန်း ၁၅၅၀၊ သမဝါယမဘဏ်လီမိတက်မှ လယ်ယာ(၂၂) လက်တွန်းထွန်းစက် အစီး ၂၀ တန်ဖိုးငွေကျပ်သိန်း ၃၁၀၊ ကေတုမတီကုမ္ပဏီလီမိတက်မှလယ်ယာ(၂၂)လက်တွန်းထွန်စက် ငါးစီး တန်ဖိုးငွေ ကျပ် ၇၇ ဒသမ ၅ သိန်း၊ စီးတီးဘဏ်မှ လယ်ယာ(၂၂) လက်တွန်းထွန်စက် ၁၀စီး တန်ဖိုးငွေကျပ် ၁၅၅ သိန်းနှင့် ကိုင်ရီ ဆောက်လုပ်ရေးမှ လယ်ယာ(၂၂) လက်တွန်းထွန်စက် တစ်စီး တန်ဖိုးငွေကျပ် ၁၅ ဒသမ ၅သိန်း စုစုပေါင်း လက်တွန်းထွန်စက် ၆၈၇ စီး တန်ဖိုးကျပ် ၈၁၁၄ ဒသမ ၉ သိန်းကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အထွေထွေအတွင်းရေးမှူး၊ ဝန်ကြီး ဗိုလ်ချုပ်ဌေးဦးနှင့် ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေ တို့က လက်ခံကြပြီး ကျေးဇူးတင်စကား အသီးသီး ပြောကြားကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

မေ ၂ ရက်နှင့် ၃ ရက်များတွင် တိုက်ခတ်ခဲ့သော လေမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ပြီး ဧရာဝတီတိုင်း၌ ခုနစ်မြို့နယ်၊ ရန်ကုန်တိုင်း၌ သုံးမြို့နယ်၊ ပဲခူးတိုင်း၌ နှစ်မြို့နယ်နှင့် မွန်ပြည်နယ်၌ သုံးမြို့နယ်တို့ရှိ စိုက်ဧက ၃ ဒသမ ၆သန်းတွင် ဧက ၁ ဒသမ ၉ သန်း ရေလွှမ်းမိုးမှုခံရကာ ဧက ၁ဒသမ ၃၇သန်း ရေငန်ဝင်ရောက်ခြင်း ခံခဲ့ရသည်။

ဧရာဝတီတိုင်း ခုနစ်မြို့နယ်တွင် လယ်မြေ ၁၀၆၆၂၇၁ ဧက၊ ရန်ကုန်တိုင်း သုံးမြို့နယ်တွင် လယ်မြေ ၃၀၀၇၁၃ ဧက ရေငန် ဝင်ရောက်ခံခြင်း ခံ့ရသည်။

ယင်းသို့ ရေလွှမ်းမိုးမှု ခံခဲ့ရသဖြင့် လယ်ယာ၊ လုပ်သားနှင့် ပိုင်ဆိုင်မှုများ ပျက်စီးဆုံးရှုံးခဲ့ရပြီး ထွန်ယက်ရေးတွင် အားထားရသည့် လှည်း၊ ထွန်၊ ထယ်နှင့် ခိုင်းကျွဲ၊ ခိုင်းနွားများ ပျက်စီးဆုံးရှုံးခဲ့ရကာ ဧရာဝတီတိုင်းတွင် ခိုင်းကျွဲ ၂၁၃၉၄၁ ကောင်ရှိရာ ၁၀၅၈၂၅ ကောင် သေဆုံးပြီး ခိုင်းနွား ၁၈၇၇၈၉ကောင်ရှိရာ ၃၅၁၂၇ ကောင် သေဆုံးခဲ့ရသည်။

ရန်ကုန်တိုင်းတွင် ခိုင်းကျွဲ ၂၆၀၈၂၀ ကောင်ရှိရာ ၁၁၁၄၂၀ ကောင် သေဆုံးပြီး ခိုင်းနွား ၃၈၄၈၁၈ ရှိရာ ၃၇၁၀၂ကောင် သေဆုံးခဲ့သည်။ ဧရာဝတီတိုင်းတွင် ၁၄၀၉၅၂ ကောင်နှင့် ရန်ကုန်တိုင်းတွင် ၁၄၇၅၂၂ ကောင် စုစုပေါင်း ၂၈၈၄၇၄ ကောင် သေဆုံးခဲ့သည်။

လယ်ယာလုပ်ငန်းအတွက် လိုအပ်လျက်ရှိသော ထွန်စက်၊ မျိုးနှင့် မြေဩဇာများ ရရှိရေးအတွက် နိုင်ငံတော်က ဆောင်ရွက်လျက်ရှိရာ လယ်မြေ ၁ဒသမ ၃၆သန်းအတွက် လက်တွန်းထွန်စက် တစ်စီးလျှင် ဧက ၁၀၀ နှုန်းဖြင့် စီးရေ ၁၃၆၆၀ လိုအပ်လျက်ရှိသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် လှူဒါန်းသည့်လက်တွန်းထွန်စက်များအနက်မှ ၅၅၁ စီးကို မော်တော်ယာဉ်များဖြင့် တင်ဆောင်၍ ဧရာဝတီတိုင်းအတွင်းရှိ ငပုတော၊ လပွတ္တာ၊ မော်လမြိုင်ကျွန်းနှင့် ဘိုကလေးမြို့များသို့ ထွက်ခွာသွားကြရာ ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့် အလှူရှင်များက ကြည့်ရှုအားပေးကြသည်။

အဆိုပါ မော်တော်ယာဉ်များနှင့် အတူ စက်မှုလယ်ယာဦးစီးဌာနမှ စက်မောင်းများ လိုက်ပါသွားပြီး လယ်မြေများကို ကူညီထွန်ယက်ပေးပြီး စက်မောင်းနှင်မှုနှင့် ထွန်ယက်မှုများကိုလည်း သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ပါလီမန်နိုင်ငံခြားရေးရာအတွင်းဝန် မစ္စတာအိုစာမုအူနိုနှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။ (နိုင်ငံခြားရေး)

ဝန်ကြီး ဦးဉာဏ်ဝင်းအား ဂျပန်နိုင်ငံ ပါလီမန်နိုင်ငံခြားရေးရာအတွင်းဝန်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၆

နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းအား ရန်ကုန်မြို့၌ ကျင်းပသည့် ကုလသမဂ္ဂနှင့် အာဆီယံတို့ ပူးတွဲကမကထပြုသော နိုင်ငံတကာမှ ငွေကြေးအကူအညီများနှင့် အခြားအကူအညီများ ကတိကဝတ်ပြုသည့် ညီလာခံသို့ တက်ရောက်ခဲ့သော ဂျပန်နိုင်ငံ ပါလီမန်နိုင်ငံခြားရေးရာအတွင်းဝန် မစ္စတာ အိုစာမုအူနိုနှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး၏ဧည့်ခန်းသို့ လာရောက်တွေ့ဆုံသည်။

ယင်းသို့ တွေ့ဆုံရာတွင် လေမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများနှင့်စပ်လျဉ်း၍ ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ဂျပန်နိုင်ငံက ကယ်ဆယ်ရေးနှင့် ကျွမ်းကျင်မှု အကူအညီများ ဆက်လက်ပေးအပ်ရေးကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဖေသန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံး သံအမတ်ကြီး မစ္စတာ ယာဆူအာခီနိုဂဝါတို့ တက်ရောက်ကြသည်။

(သတင်းစဉ်)

နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် မေ ၂၆

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိကြရာ မလေးရှားနိုင်ငံအခြေစိုက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအဖွဲ့ (IFRC)မှ ဂိုဒေါင်ဆောက်ရန် ဆက်စပ်ပစ္စည်းများ၊ တာပေါ်လင်များ၊ မီးဖိုချောင်သုံး ပစ္စည်းများ၊ မိုးကာတဲများ စုစုပေါင်း ၃၉ ဒသမ ၆၂၉ တန်သည် IL-76 လေယာဉ်ဖြင့် ယနေ့နံနက် ၈ နာရီ ၂၅ မိနစ်တွင်လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ တိရစ္ဆာန်အစားအစာများ၊ ပလတ်စတစ်စများ၊ တာပေါ်လင်များ၊ ရေဘူးခွံများ၊ အသက်ကယ်လှေများ၊ ကျန်းမာရေးသုံးပစ္စည်းများ၊ ရေသန့်စက်များ စုစုပေါင်း ၄၄ ဒသမ ၈ တန်သည် C-130 လေယာဉ်ငါးစင်းဖြင့် နံနက် ၈ နာရီ ၅၅မိနစ်၊ နံနက် ၁၀နာရီ ၁၀မိနစ်၊ ၁၀နာရီ ၅၅မိနစ်၊ မွန်းလွဲ ၁နာရီ ၃၄မိနစ်နှင့် မွန်းလွဲ ၂ နာရီ ၄၅ မိနစ်တို့တွင် လည်းကောင်း၊ ကိုရီးယားသမ္မတနိုင်ငံ ကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင်ပစ္စည်းများ ၃၇ ပါကင်သည် TG-303 လေယာဉ်ဖြင့် နံနက် ၈ နာရီ မိနစ် ၄၀တွင် လည်းကောင်း၊ဆွစ်ဇာလန်နိုင်ငံကြက်ခြေနီအဖွဲ့မှ လူ့အသုံးအဆောင် ပစ္စည်းများ ကိုးပါကင်သည် TG-303 လေယာဉ်ဖြင့် နံနက် ၈ နာရီ မိနစ် ၄၀ တွင်လည်းကောင်း၊ စင်ကာပူသမ္မတနိုင်ငံရှိ မြန်မာသံရုံးမှ ဆေးဝါးနှင့် အစားအစာမျိုးစုံ အထုပ် ၃၀ သည် 3K-585 ဖြင့် နံနက် ၉နာရီ ၃၅ မိနစ်တွင် လည်းကောင်း၊ Baiyoke Hotel Group မှ အဝတ်အထည် ၂၃ ပါကင်သည် 8M-332 လေယာဉ်ဖြင့် နံနက် ၁၀နာရီ ၄၈မိနစ်တွင်လည်းကောင်း၊ယူအေအီးနိုင်ငံ ဒူဘိုင်းအခြေစိုက် ကုလသမဂ္ဂ ဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)မှ ပလတ်စတစ်လိပ်များ၊ စောင်များ၊ ဆေးဝါးများ၊ တာပေါ်လင်များ စုစုပေါင်း ၃၇ ဒသမ ၇၈ တန်သည် IL-76 လေယာဉ်ဖြင့် နံနက် ၁၀ နာရီ ၅ မိနစ်တွင် လည်းကောင်း၊ မလေးရှားနိုင်ငံ ကြက်ခြေနီအဖွဲ့မှလူ့အသုံးအဆောင် ပစ္စည်းများ ၁၅၆ ပါကင်သည် MH-740 လေယာဉ်ဖြင့် နံနက် ၁၁ နာရီ မိနစ် ၂၀ တွင် လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP)မှအားဖြည့်ခေါက်ဆွဲခြောက် ၂ ဒသမ ၆၄ တန်သည် AN-12 လေယာဉ်ဖြင့် နံနက် ၁၁ နာရီခွဲတွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မြန်မာသံရုံးမှ ရေသန့်ဆေးပြား ၁၄ ထုပ်သည် PG-701 လေယာဉ်ဖြင့် မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀တွင် လည်းကောင်း၊ ဗြိတိန်နိုင်ငံ အခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ ပလတ်စတစ်လိပ် ၉၀၀ စုစုပေါင်း ၃၈ဒသမ၉ တန်သည် A-300 လေယာဉ်ဖြင့် မွန်းလွဲ ၂ နာရီ ၁၀မိနစ်တွင်လည်းကောင်း၊ပြင်သစ်နိုင်ငံအခြေစိုက် နယ်စည်းမခြား ဆရာဝန်များအဖွဲ့မှ အိမ်သာဆောက်ရန် ပစ္စည်းများ စုစုပေါင်း ၁၃ ဒသမ ၆၁ တန်သည် DC-8 လေယာဉ်ဖြင့် ညနေ ၄ နာရီ ၅ မိနစ်တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြသည်။

မုန်တိုင်းဒဏ်သင့် ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များ၊ သင်္ဘောများဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်၊ သင်္ဘောဆိပ်များတွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့များက စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှု မရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက်ရှိကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၈:၀၀ ၅။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
- ၈:၃၀ ၆။ International News.
- ၉:၀၀ ၇။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၅ ၂။ တေးဂီတအစီအစဉ်
- ၄:၃၀ ၃။ နှောင်းခေတ်တေးပဒေသာ
- ၄:၄၅ ၄။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၀၀ ၅။ ဆိုကြမယ် ပျော်ကြမယ်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၃၀ ၇။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆:၅၀ ၉။ သုတစုံလင် ရွှေဉာဏ်ရှင်
- ၇:၀၀ ၁၀။ နာဂစ် ဆိုင်ကလုန်းမုန်တိုင်း အပြီး မြန်မာအစိုးရ၏ကယ်ဆယ် ကူညီပေးရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများ
- ၇:၂၀ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်--ချစ်တယ်" (အပိုင်း-၂၃) (ဇာတ်သိမ်းပိုင်း)**
- ၈:၀၀ ၁၂။ ပြည်တွင်းသတင်း
- ၁၃။ နာဂစ် ဆိုင်ကလုန်းမုန်တိုင်း အပြီး မြန်မာအစိုးရ၏ ကယ်ဆယ် ကူညီပေးရေးနှင့် ပြန်လည်ထူထောင်ရေး ဆောင်ရွက်မှုများ
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **မြန်မာဗီဒီယိုဇာတ်လမ်း "စံပျော်ရစ်စေ" (အပိုင်း-၂) (လူမင်း၊ သူထူးစံ၊ ထက်ထက်မိုးဦး) (ဒါရိုက်တာ-ဟိန်းစိုး)**
- ၁၇။ အစီအစဉ်ပြီး၏။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး တနင်္သာရီတိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ထားဝယ်မြို့ သာသနာ့ဗိမာန် တည်ဆောက်ရေး အလှူငွေပေးအပ်ပွဲ အခမ်းအနားကို မေ ၂၂ ရက် နံနက် ၈နာရီတွင် ထားဝယ်မြို့ ဃောသိတာရာမဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ထားဝယ်မြို့ ဃောသိတာရာမကျောင်းတိုက် ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တအာစိန္နာဘိဝံသထံမှ ပရိသတ်များကငါးပါးသီလ ခံယူဆောက်တည်ကြပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ သာသနာ့ဗိမာန် တည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ ဦးစိုးမင်းက သာသနာ့ဗိမာန် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြလျှောက်ထားသည်။

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေး၊ ဇနီးဒေါ်ဝေဝေခိုင်မိသားစုနှင့် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး၊ ဇနီး ဒေါ်ခင်သန်းဌေး မိသားစုတို့က လှူဒါန်းငွေများကို သာသနာ့ဗိမာန်တော် တည်ဆောက်ရေး ဦးစီးကော်မတီဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းကြသည်။

ယင်းနောက် သာသနာ့ဗိမာန်တော် တည်ဆောက်ရေးအတွက်ထားဝယ်မြို့ပေါ်ရှိ စေတနာရှင်၊ အလှူရှင်များက ငွေကျပ် ၆၈၈သိန်းကျော် ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက်ထားဝယ်မြို့ ဇေယျဝတီကျောင်းတိုက် ပဓာနနာယက ဆရာတော်အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တသူရိယထံမှ အနုမောဒနာတရား နာကြားကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြသည်။

အခမ်းအနားအပြီးတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ထားဝယ်တက္ကသိုလ်ပင်မလေးထပ်စာသင်ဆောင် တည်ဆောက်ရေးစီမံကိန်းကို သွားရောက်ကြည့်ရှုစစ်ဆေးကြသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးသည် ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် လေဘေးသင့် ပြည်သူများအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်လှူဒါန်းပွဲသို့ တက်ရောက်အမှာစကား ပြောကြားပြီး ထားဝယ်ခရိုင် စေတနာရှင်၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက ငွေကျပ် ၃၈၄ သိန်းကျော် တန်ဖိုးရှိ အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ၊ ရေငန်ဒဏ်ခံ မျိုးစပါးများ ပေးအပ်လှူဒါန်းကြရာ ဗိုလ်ချုပ်သာအေးနှင့် တာဝန်ရှိသူများက လက်ခံကြသည်။

ထို့နောက်တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းသို့ ပေးပို့မည့် ရေငန်ဒဏ်ခံ စပါးမျိုးများအား လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်မတော်သားများက မော်တော်ယာဉ်ကြီးများပေါ်သို့ တင်ဆောင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှဗိုလ်ချုပ်သာအေးသည် မွန်းလွဲ ၂နာရီခွဲတွင် ထားဝယ်ခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ခရိုင်အဆင့်ဌာနဆိုင်ရာများအား တွေ့ဆုံအမှာစကား ပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ညပိုင်းတွင် ဗိုလ်ချုပ်သာအေးသည် ကျောက်ဆည်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ထားဝယ်ခရိုင် လမ်းလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို တက်ရောက်ရာရှေးဦးစွာတာဝန်ခံ အင်ဂျင်နီယာများက ရေး-ထားဝယ်ကားလမ်း လမ်းအပိုင်းအလိုက် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ လမ်းစစ်ဆေးကြီးကြပ်ရေးအဖွဲ့များကလုပ်ငန်းပြီးစီးမှု အခြေအနေများကို လည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက မြို့နယ်အလိုက် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းဆောင်ရွက်မှုများကို လည်းကောင်းရှင်းလင်းတင်ပြကြပြီးတိုင်းမှူးကလုပ်ငန်းလိုအပ်ချက်များကိုဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်သာအေးက တင်ပြချက်များအပေါ်လိုအပ်သည်များ ဆောင်ရွက်ပေးပြီး နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုန်တိုင်းတိုက်ခတ်မှုကြောင့်ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာ အစီအစဉ် (WFP) မှ ထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ မေ ၂၅ရက်က ရောက်ရှိလာစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်ချုပ်စောထွန်း မုန်တိုင်းကြောင့်ပျက်စီးသွားသည့် ပညာရေးဝန်ကြီးဌာနအောက်ရှိ တက္ကသိုလ်များ ပြင်ဆင်နေမှုကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းသည် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် ရန်ကုန်တိုင်း အဆောက်အအုံအထူးအဖွဲ့များမှ အင်ဂျင်နီယာမှူးများနှင့် ခရိုင်အင်ဂျင်နီယာမှူးများအား မေ ၂၄ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(ရုံးချုပ်) အစည်းအဝေးခန်းမ၌ တွေ့ဆုံ၍ မုန်တိုင်းဒဏ်ကြောင့်ပျက်စီးသွားသည့် ရန်ကုန်တိုင်းအတွင်းရှိ အဆောက်အအုံများနှင့် ပညာရေးဝန်ကြီးဌာနအောက်ရှိတက္ကသိုလ်များအားကျောင်းဖွင့်ရက်မတိုင်မီ ပြီးစီးအောင်ပြုပြင်ဆောင်ရွက်ရေးမှာကြားသည်။

ယင်းနောက်ဆောက်လုပ်ရေးဝန်ကြီးဌာနအောက်ရှိ လုပ်ငန်းဦးစီးဌာနနှင့်များမှညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် အင်ဂျင်နီယာချုပ်များက လုပ်ငန်းများနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်ပင်မတက္ကသိုလ်အမိုးများပြုပြင်ဆောင်ရွက်နေမှုနှင့် နိုင်ငံခြားဘာသာ တက္ကသိုလ်အမိုးအကာများ ပြင်ဆင်ဆောင်ရွက်နေမှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်း စာသင်ကျောင်းများ၊ ဆေးရုံနှင့် ဆေးခန်းများ ပြင်ဆင်ပြီးစီးမှု ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၆

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းသည် မေ ၂၄ ရက် နံနက်ပိုင်းတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ထန်းတပင်မြို့နယ်အတွင်းရှိ စာသင်ကျောင်းများအား ကျောင်းဖွင့်ရက်အမီ ပြုပြင်ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ဆေးရုံနှင့်ဆေးခန်းများ ပြုပြင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သောက်သုံးရေနှင့် ပတ်သက်၍ သတိပေးနှိုးဆော်ချက်

- ❖ မသန့်ရှင်းသော သောက်ရေ၊ သုံးရေများကြောင့် ပြည်သူအများ ဝမ်းပျက်ဝမ်းလျှော ရောဂါအန္တရာယ် ကျရောက်နိုင်ပါသည်။
- ❖ သောက်ရေ၊ သုံးရေမှန်သမျှကို ကျိုချက်၍ဖြစ်စေ၊ ကလိုရင်းဆေးခတ်ပြီးမှဖြစ်စေ သောက်သုံးပါ။
- ❖ ကျန်းမာရေးဝန်ကြီးဌာနမှ သောက်သုံးရန်မသင့်ဟု ကြေညာထားသော သောက်ရေသန့်များကို မသောက်သုံးသင့်ပါ။
- ❖ ရေသန့်ပင်ဖြစ်လင့်ကစား မသေချာပါက ရေကို ကျိုချက်ပြီးမှ သောက်ပါ။

ကျန်းမာရေးဝန်ကြီးဌာန

သောက်ရေသန့်များနှင့် ပတ်သက်၍ အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန်နှင့်အစားအသောက်များ၏ အရည်အသွေးကို စဉ်ဆက်မပြတ် ထိန်းသိမ်းနိုင်ရေးအတွက် စိစစ်ဆောင်ရွက်လျက် ရှိပါသည်။

၂။ ရန်ကုန်တိုင်းအတွင်းရှိသောက်ရေသန့်စက်ရုံများသည် ဆိုင်ကလုန်းမုန်တိုင်း'နာဂစ်'ကြောင့် ပျက်စီးခြင်း ရှိ၊ မရှိနှင့်ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ်နှင့်အညီ သောက်ရေသန့်များ ထုတ်လုပ်နိုင်ခြင်း ရှိ၊မရှိကို ကျန်းမာရေးဦးစီးဌာနက စစ်ဆေးလျက်ရှိပါသည်။ စစ်ဆေးပြီးသောက်ရေသန့်လုပ်ငန်းများအနက် အောက်ဖော်ပြပါ သောက်ရေသန့်လုပ်ငန်းများမှာ သောက်ရေသန့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိကြောင်း တွေ့ရှိရပါသည်။

စဉ်	သောက်ရေသန့်လုပ်ငန်းအမည်	စဉ်	သောက်ရေသန့်လုပ်ငန်းအမည်
၁။	Sunflower သောက်ရေသန့်	၉။	နေလသောက်ရေသန့်
၂။	Zest သောက်ရေသန့်	၁၀။	Comet သောက်ရေသန့်
၃။	SIP သောက်ရေသန့်	၁၁။	Winner သောက်ရေသန့်
၄။	Nawarat သောက်ရေသန့်	၁၂။	PGS သောက်ရေသန့်
၅။	Great သောက်ရေသန့်	၁၃။	YOMA သောက်ရေသန့်
၆။	Fresh Water သောက်ရေသန့်	၁၄။	FIFA သောက်ရေသန့်
၇။	OSAKA သောက်ရေသန့်	၁၅။	Golden Cherry သောက်ရေသန့်
၈။	Star H_2O သောက်ရေသန့်	၁၆။	နေမင်းသောက်ရေသန့်

၃။ သို့ပါ၍ သောက်ရေသန့်လုပ်ငန်းများသည် သောက်ရေသန့် သတ်မှတ်ချက်နှင့်ကိုက်ညီကြောင်း ကျန်းမာရေးဦးစီးဌာန၏ ထောက်ခံချက် ရရှိမှသာ ထုတ်လုပ်ဖြန့်ဖြူးရောင်းချပါရန် အသိပေးအပ်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၇-၅-၂၀၀၈ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ အဖွင့်သီချင်း
- ၇း၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြား သတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ ချိုမြလက်သံ ငြိမ့်ညောင်းဟန်
- ၄း၁၅ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၂၅ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၃၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၅၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၆း၀၀ ၁၀။ မြဝတီရုပ်မြင်သံကြား သတင်း
- ၆း၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆း၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၅ ၁၃။ ဝတ်စားဆင်ယင်လှစေချင်
- ၆း၄၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
- ၇း၀၀ ၁၅။ **ဒိုးဒိုးဒေါက်ဒေါက် ဘုနဲ့ဘောက် အပိုင်း(၂)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြား သတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ အမျိုးသားရေး တေးကဗျာ
- ၁၉။ မွေးမြူသူတ
- ၂၀။ ဗီစီဒီကျော်ကြား တေးများ
- ၂၁။ ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
- ၂၂။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း -ဆန့်ကျင်ဘက် နှလုံးသား အပိုင်း(၁၁)**
- ၂၃။ သင့်အတွက်မနက်ဖြန်
- ၂၄။ အပိတ်နှုတ်ဆက်စကား
- ၂၅။ ပြီးပါပြီ။

အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား UNFPA မှ ဌာနေကိုယ်စားလှယ် Mr. Daniel B.Baker နှင့် အဖွဲ့ဝင်များ လာရောက်တွေ့ဆုံစဉ်။
(လူမှုဝန်ထမ်း)

ဝန်ကြီး ဗိုလ်ချုပ်မောင်မောင်ဆွေအား UNFPA မှ ကိုယ်စားလှယ်လာရောက်တွေ့ဆုံ

ရန်ကုန် မေ ၂၆

အမျိုးသား သဘာဝဘေး ကာကွယ် စောင့်ရှောက်ရေး ဗဟိုကော်မတီဝင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် မောင်မောင်ဆွေ အား UNFPA မှ ဌာနေကိုယ်စားလှယ် Mr.Daniel B.Baker နှင့် အဖွဲ့သည် ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမ၌ လာရောက်တွေ့ဆုံကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်း အသီးသီးရှိ စေတနာရှင်၊အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများ ဆက်လက်လှူဒါန်း

ရန်ကုန် မေ ၂၆

မုန်တိုင်းဒဏ်ခံရသော ပြည်သူများအတွက် ပြည်နယ်နှင့် တိုင်းအသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက အမျိုးသားရေးစိတ်ဓာတ်အရင်းခံဖြင့် ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၁၃ သိန်းတန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၅၇၆၆၀၀ နှင့် ငွေကျပ် ၅၇၀၀၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၀၀၂၀၀၀နှင့် ငွေကျပ် ၅၀၇၄၉၇၀၀တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၃၂၉၀၀၅၀ တန်ဖိုးရှိ စားသောက်ကုန်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံ၊ စစ်ကိုင်းတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၅၅၀၀၀၀၊ မန္တလေးတိုင်းမှ တပ်မတော်သားမိသားစုများနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၃၈၈၅၀၀၀ တန်ဖိုးရှိ စားသောက်ပစ္စည်းများနှင့် အဝတ်အထည်မျိုးစုံတို့ကို ပေးအပ်လှူဒါန်းကြရာ ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့ လာရောက်လှူဒါန်း ငွေကျပ် ၈၆၅၄၀၀၀အပါအဝင် ယနေ့လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ကျပ် ၇၄၅၇၇၃၅၀ ဖြစ်ပြီး မေ ၂၆ရက်အထိလှူဒါန်းသည့် ငွေနှင့်ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ဖိုးမှာ ၉၆၆၁၀၃၀၃၁၉ကျပ် ရှိပြီဖြစ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၆

၂၀၀၈ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အဖြစ် မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (MANA)က ကြီးမှူးပြီး ပထမအကြိမ် မူးယစ်ဆေးဝါးဆန့်ကျင်ရေး ကျပန်းစကားပြောပြိုင်ပွဲကို မြန်မာ၊ အင်္ဂလိပ် နှစ်ဘာသာဖြင့် ဇွန် ၂၂ ရက်တွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ(သက်ကြီးတန်း) အသက် ၁၇နှစ်မှ ၂၅နှစ်အထိနှင့် သက်လတ်တန်း ၁၄နှစ်မှ ၁၆ နှစ်အထိ လူငယ်များမည်သူမဆို ပါဝင်ယှဉ်ပြိုင်နိုင်သည်။

အဆိုပါ ကျပန်းစကားပြောပြိုင်ပွဲ မြန်မာဘာသာဖြင့် အကြိုယှဉ်ပြိုင်ခြင်းကို ဇွန် ၁၉ရက် တွင်လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် အကြိုယှဉ်ပြိုင်ခြင်းကို ဇွန် ၂၀ ရက်တွင် လည်းကောင်း ကမာရွတ်မြို့နယ် ကျွန်းတောလမ်းရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း သင်တန်းခန်းမဆောင်၌ ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲ လျှောက်လွှာများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း မြိုင်ဟေဝန်အိမ်ရာစခန်း တိုက်အမှတ်(၃) အခန်း(၁၀၁/၁၀၂)ရှိ မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း(ရုံးချုပ်)နှင့် ရန်ကင်းမြို့နယ် ပညာ့ဝတီ အဆင့်မြင့်အိမ်ရာအဆောက်အအုံအမှတ်(အေ)အခန်း(၄၀၄)ရှိ MANA (UNICEF Project) ရုံး ဖုန်း ၅၅၀၄၆၆ သို့ ဇွန် ၁၂ ရက် (ကြာသပတေးနေ့) ညနေ ၄ နာရီ နောက်ဆုံးထားပေးပို့ကြရမည်ဖြစ်ရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းဝင်ဖြစ်ပါက အသင်းဝင်အမှတ်ဖော်ပြ၍ လည်းကောင်း၊ အသင်းမဝင်ရသေးသူများအနေဖြင့် အသင်းဝင် လျှောက်လွှာနှင့်အတူ ပူးတွဲ၍လည်းကောင်း ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ ဝါယာရှော့မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွား

နေပြည်တော် မေ ၂၆

ထိုင်းနိုင်ငံ ဗန်ကောက်မြို့ရှိ မြန်မာသံရုံး၌ ယနေ့နံနက်ပိုင်းတွင် လျှပ်စစ်ဝါယာရှော့မှုတစ်ဆင့် မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

ဖြစ်ပွားပုံမှာ ဒေသစံတော်ချိန် နံနက် ၇နာရီခွဲခန့်တွင် မြန်မာသံရုံး ပင်မနှစ်ထပ်ဆောင်အဆောက်အအုံ အပေါ်ထပ် မျက်နှာကြက်ရှိ ဝါယာကြိုးမှ ဝါယာရှော့ဖြစ်ပွားခဲ့ပြီး မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးနှင့် သံရုံးဝန်ထမ်းများက မီးသတ်ကားများဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့မှုကြောင့် နံနက် ၈ နာရီခွဲတွင် မီးငြိမ်းသွားခဲ့ကြောင်း၊ မီးလောင်မှုကြောင့် သံရုံးအပေါ်ထပ်ခန်းနှင့် ရုံးသုံးပစ္စည်းအချို့သာ မီးလောင်ဆုံးရှုံးခဲ့ပြီး ဝန်ထမ်းများနှင့် မိသားစုများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်

မြန်မာနိုင်ငံနှင့်အနီးပတ်ဝန်းကျင်နိုင်ငံများအတွက် မိုးလေဝသအခြေအနေပြမြေပုံ



ရန်ကုန် မေ ၂၆

ယနေ့ နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် ပဲခူးတိုင်းတို့တွင် နေရာကျဲကျဲနှင့် ချင်းပြည်နယ်နှင့် မန္တလေးတိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူချိန်များမှာ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ ပဲခူးတိုင်းနှင့် ဧရာဝတီတိုင်း တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၅ဒီဂရီစင်တီဂရိတ်မှ ၆ဒီဂရီစင်တီဂရိတ်ထိပိုခဲ့ပြီး ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် မေလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ ထူးခြားသည့်နေ့အပူချိန်မှာ ချောက်မြို့နှင့် မကွေးမြို့တို့တွင် ၄၀ဒီဂရီစင်တီဂရိတ်စီ တို့ဖြစ်သည်။

မှတ်သားဖွယ်ရာမိုးရေချိန်များမှာ သထုံမြို့တွင် ၃ ဒသမ ၉၇ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၃ ဒသမ ၇၀ လက်မ၊ ဘားအံမြို့တွင် ၃ ဒသမ ၃၅ လက်မ၊ ကသာမြို့တွင် ၁ ဒသမ ၄၂ လက်မနှင့် နမ့်ဆမ်မြို့တွင် ဝ ဒသမ၉၀ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအနည်းငယ်မှ အားအသင့်အတင့်ရှိနေသည်။

မေ ၂၇ရက် ညနေအထိ ခန့်မှန်းချက်မှာ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာကျဲကျဲမှ နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့် တိုင်းတို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း (၈၀)ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅မိုင်မှ မိုင် ၄၀ထိတိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့ နှင့် အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သောမိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်
၃၄ ဒသမ ၈ ဒီဂရီစင်တီဂရိတ် (၉၅ ဒီဂရီဖာရင်ဟိုက်) ၂၅-၅-၂၀၀၈

အနိမ့်ဆုံးအပူချိန်
၂၄ ဒသမ ဝ ဒီဂရီစင်တီဂရိတ်(၇၅ ဒီဂရီဖာရင်ဟိုက်) ၂၆-၅-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၈၄ ရာခိုင်နှုန်း ၂၆-၅-၂၀၀၈
နေပူသည့်နာရီပေါင်း (၁ ဒသမ ၄)နာရီခန့် ၂၅-၅-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၂၆-၅-၂၀၀၈	၁မမ(၀.၀၄လက်မ)	မရှိပါ	Tr
၁-၁-၂၀၀၈ မှ ယနေ့အထိ	၇၀၆မမ(၂၇.၈၀လက်မ)	၈၁၃မမ(၃၂.၀၁လက်မ)	၉၃၉မမ(၃၆.၉၇လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၅-၅-၂၀၀၈ ရက် ၁၄း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ (၅)မိုင်နှုန်းတိုက်ခတ်သည်။

အရှေ့အလယ်ပိုင်းဒေသဝေဟင်တွင် ဘလဲ၏လေယာဉ်ကို အစ္စရေးတိုက်လေယာဉ်များ ကြားဖြတ်ဟန့်တား

လန်ဒန် မေ ၂၅

ဗြိတိန်နိုင်ငံ၏ဝန်ကြီးချုပ်ဟောင်း တိုနီဘလဲစီးနင်းလိုက်ပါလာသော လေယာဉ်သည်မည်သည့်လေယာဉ် ဖြစ်ကြောင်း အကြောင်းကြားရန် ပျက်ကွက်ခဲ့သဖြင့် အစ္စရေးနိုင်ငံမှ တိုက်လေယာဉ်များ၏ ကြားဖြတ်ဟန့်တား ခြင်းကို ခံခဲ့ရသည်။

ဗြိတိန်လေယာဉ်က လိုက်လာသော တိုက်လေယာဉ်နှစ်စင်းကို အကျိုးအကြောင်း ရှင်းပြပြီးနောက် ထိုလေယာဉ်များသည် အခြေစိုက်စခန်းသို့ ပြန်လည်ထွက်ခွာသွားကြသည်ဟု ဆိုသည်။

ကြုံတွေ့

မစ္စတာဘလဲသည် မေ ၂၁ ရက်တွင် အီဂျစ်နိုင်ငံ၌ အထက်တန်းပုဂ္ဂိုလ်နှင့်တွေ့ဆုံပြီးနောက် အစ္စရေးနိုင်ငံသို့ လေယာဉ် ဖြင့် ခရီးနှင်နေစဉ် အထက်ပါအဖြစ်အပျက်နှင့် ကြုံတွေ့ရခြင်းဖြစ်သည်။

ကိုယ်စားလှယ်

ဘလဲသည် အရှေ့အလယ်ပိုင်း အရေးကိစ္စကို ပြေလည်စေရေး အတွက် ညှိနှိုင်းပေးနေသော ကိုယ်စားလှယ်တစ်ဦး ဖြစ်သည်။ စင်စစ်ယခုခရီးစဉ်တွင် ၎င်းသည် အီဂျစ်နိုင်ငံ ရှမ်အယ်လ်ရှိတ်တွင် ကျင်းပပြီးစီးသွားသော စီးပွားရေးဖိုရမ်မှပြန်လာခြင်းဖြစ်သည်။အစ္စရေးနိုင်ငံ၏ ဝေဟင်ပိုင်နက်သည် အလွန်တင်းကြပ်စွာ စောင့်ကြပ်ထားသော နယ်မြေဖြစ်၍ တိုက်လေယာဉ်များဖြင့် တပ်လှန့်ကာ ပျံသန်းသည့် အဖြစ်များ မကြာခဏ ဖြစ်ပွားလေ့ရှိသည်ဟု ဆိုသည်။

အင်တာနက်။

စင်ကာပူလေကြောင်းပြပွဲတွင် ပြသထားသော အဲယားဘတ်စ် A 350 X WB လေယာဉ်ပုံစံငယ်ကို မေ ၂၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မူးယစ်ဆေးဝါး သယ်ဆောင်ပေးသည့် အမေရိကန်ရဲတပ်ဖွဲ့ဝင် အပြစ်ရှိကြောင်းဝန်ခံ

ဖိုးနစ် မေ ၂၅

အမေရိကန် နယ်စပ်ဒေသ ကင်းလှည့်ရဲတပ်ဖွဲ့ဝင် တစ်ဦးသည် ၎င်း၏ကင်းလှည့်ယာဉ်ကို အသုံးပြု၍ ဆေးခြောက်တစ်တန်ကျော်ကို မှောင်ခိုသယ်ဆောင်သော အမှုတွင် အပြစ်ရှိကြောင်း ဝန်ခံသည်ဟု အစိုးရရှေ့နေများက ကြာသပတေးနေ့တွင် ပြောကြားသည်။

အရီဇိုးနားပြည်နယ် တပ်(ခ်) ကွန်မြို့ ခရိုင်တရားရုံးတွင် ရဲတပ်ဖွဲ့ဝင် ဂျွန်လူးဝစ်ဆန်းချက်(ခ်)က ဆေးခြောက်ကီလို ၁၀၀၀ ကျော်ကို ဖြန့်ချိရန် ရည်ရွယ်ချက်ဖြင့် လက်ဝယ်ရှိကြောင်း ဝန်ခံသည်ဟု အမေရိကန်ရှေ့နေချုပ်ရုံးမှ သတင်းထုတ်ပြန်သည်။

မက္ကဆီကိုနယ်စပ် အရီဇိုးနားတောင်ပိုင်း နိုဂါလပ်စ် ပတ်ဝန်းကျင်ဒေသများအတွင်းသို့ ၎င်း၏ ကင်းလှည့်ယာဉ်ကို ခြောက်ကြိမ်အသုံးပြု၍ ဆေးခြောက်များ ပို့ပေးခဲ့ကြောင်း၊ ဆောင်ရွက်ခ အမေရိကန်ဒေါ်လာ ၄၅၀၀၀ လာဘ်ယူခဲ့ကြောင်း ဝန်ခံခဲ့သည်။

ဆန်းချက်(ခ်)သည် ဒဏ်ငွေ အမေရိကန်ဒေါ်လာ လေးသန်းနှင့် အများဆုံး ထောင်ဒဏ်တစ်သက်တစ်ကျွန်းကျခံရဖွယ်ရှိနေသည်။

အမ်အင်အေ၊ ရိုက်တာ။

ကွန်ဂိုအရှေ့ပိုင်း၌ အလောင်း ၁၀၀ ကုလသမဂ္ဂတပ်ဖွဲ့တွေ့ရှိ

ကင်ရှာဆာ မေ ၂၅

ဒီမိုကရက်တစ် ကွန်ဂိုပြည်သူ့သမ္မတနိုင်ငံအရှေ့ပိုင်း သချိုင်းမြေသုံးနေရာတွင် အလောင်း ၁၀၀ ကျော်ကို ကုလသမဂ္ဂ ငြိမ်းချမ်းရေးထိန်းသိမ်းသူများ ကွန်ဂို နိုင်ငံကုလသမဂ္ဂမစ်ရှင်က စနေနေ့ တွင် တွေ့ရှိကြောင်း ပြောကြားသည်။ အတိဒုက္ခဖြစ်ခဲ့သည့် ကီဗူပြည်နယ် မြောက်ဘက်ရှိ ဘိုရာရွာအနီး၌ အလောင်းများကို သောကြာနေ့က တောင်အာဖရိက တပ်ဖွဲ့များ ကင်းလှည့်စဉ် တွေ့ရှိခဲ့သည်။ အဆိုပါ အလောင်းများမှာ မကြာသေးမီက မြှုပ်နှံထားသည့် ပုံသဏ္ဌာန်မဟုတ်ကြောင်း ကုလသမဂ္ဂမှပြောရေးဆိုခွင့်ရှိသူက ရိုက်တာသို့ ပြောကြားသည်။

၁၉၉၀ပြည့်နှစ်များက အလောင်းများဟု ယူဆရကြောင်း၊ သို့သော် တိကျစွာဖော်ပြရန် ခက်ခဲကြောင်း၊ ပထမတစ်နေရာတွင် အလောင်း ၁၀၀ တူးဖော်တွေ့ရှိပြီး ဒုတိယနေရာတွင် ခုနစ်လောင်း နှင့်တတိယနေရာတွင် ခန့်မှန်းမရနိုင် ကြောင်းကုလသမဂ္ဂမှပြောရေးဆိုခွင့် ရှိသူ ကီမလ်ဆိုင်ကီက ပြောကြားသည်။ အဆိုပါ အလောင်းများ တွေ့ရှိသည့်နေရာတွင် စုံစမ်းစစ်ဆေးရန် ကွန်ဂိုအာဏာပိုင်များက စီစဉ်လျက်ရှိကြောင်း ဆိုင်ကီက ပြောကြားသည်။

အာဖရိကလယ်ပိုင်းရှိ ကွန်ဂိုနိုင်ငံ၏ အရှေ့နယ်စပ်ဒေသ တစ်လျှောက်တွင် ၁၉၉၄ ခုနှစ်က ရဝမ်ဒါ နိုင်ငံ၌ မျိုးဖြုတ်သတ်ဖြတ်မှု ဖြစ်ပွားခဲ့ရာ ဟူတူအစွန်းရောက် ဝါဒီသမားများက တွတ်စီလူမျိုးနှင့်အစွန်းမရောက်သော ဟူတူလူမျိုး ၈၀၀၀၀၀ခန့်ကို သတ်ဖြတ်ခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်နိုင်ငံတွင် သေဆုံးသူ အမေရိကန်တပ်ဖွဲ့ဝင်ဦးရေ ၄၀၈၀ ရှိ

ဝါရှင်တန် မေ ၂၅

အီရတ်စစ်ပွဲ စတင်ဖြစ်ပွားသည့် ၂၀၀၃ ခုနှစ် မတ်လမှ ၂၀၀၈ခုနှစ် မေလ ၂၂ ရက်အထိ ကာလအတွင်း အီရတ်တွင် သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ဦးရေသည် ၄၀၈၀ ရှိပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စာရင်းအရ သိရသည်။

ထိုအရေအတွက်တွင် စစ်ဘက်တာဝန်ထမ်းဆောင်ရင်း အသက်ဆုံးရှုံးသွားရသော အရပ်သားဝန်ထမ်း ရှစ်ဦးလည်း ပါဝင်သည်။ စုစုပေါင်း သေဆုံးသူများအနက် ၃၃၂၈ ဦးသည် ဆန့်ကျင်တွန်းလှန်သူများနှင့် ဖြစ်ပွားသော တိုက်ပွဲများအတွင်း အသက်ဆုံးရှုံးရခြင်းဖြစ်သည်။

အီရတ်နိုင်ငံ စစ်မြေပြင်တွင် အပေါင်းပါ တပ်ဖွဲ့များမှလည်း အသေအပျောက် အများအပြားရှိသည်။ ဗြိတိန်တပ်ဖွဲ့မှ ၁၇၆ ဦး၊ အီတလီမှ ၃၃ ဦး၊ ယူကရိန်းမှ ၁၈ ဦး၊ ပိုလန်မှ ၂၁ ဦး၊ ဘူလ်ဂေးရီးယားမှ ၁၃ ဦး၊ စပိန်မှ ၁၁ ဦး၊ ဒိန်းမတ်မှ ခုနစ်ဦး၊ အယ်လ်ဆာဗေဒိုမှ ငါးဦး၊ စလိုဗားကီးယားမှ လေးဦး၊ လတ်ဗီးယားမှ သုံးဦး၊ အက်စတိုးနီးယား၊ ဂျော်ဂျီယာ၊ နယ်သာလန်၊ ထိုင်းနှင့် ရိုမေးနီးယားနိုင်ငံများမှ နှစ်ဦးစီနှင့် ဩစတြေးလျ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် တောင်ကိုရီးယားနိုင်ငံ တပ်ဖွဲ့များမှ တစ်ဦးစီ အသီးသီး အသက်ဆုံးရှုံး ကြရပြီးဖြစ်သည်။

အင်တာနက်။

လော့စ်အိန်ဂျလိစ်တွင် ဓာတ်ဆီဈေး စံချိန်တင်မြင့်တက်

လော့စ်အိန်ဂျလိစ် မေ ၂၅

လော့စ်အိန်ဂျလိစ်မြို့တွင် ဓာတ်ဆီ တစ်ဂါလန်၏ ပျမ်းမျှဈေးနှုန်းသည် စံချိန်တင် မြင့်တက်လာကြောင်း ကယ်လီဖိုးနီးယား ပြည်နယ်တောင်ပိုင်း အော်တိုမိုဘိုင်းလ် မော်ယာဉ်အသင်းက သောကြာနေ့တွင် သတိပေးသည်။

၎င်းဒေသတွင် တစ်ဂါလန်ဈေးနှုန်းသည် လေးဒေါ်လာအောက်ဆင့် အနည်းငယ် လျော့နည်းသည်။ လွန်ခဲ့သော ရက်သတ္တရှစ်ပတ်အတွင်း ခုနစ်ကြိမ်မြောက် စံချိန်တင်ဈေးနှုန်းဖြစ်သည်။

လော့စ်အိန်ဂျလိစ်မြို့တွင် မေ ၂၅ ရက်နေ့ နံနက်ပိုင်းက ကိုယ်တိုင်ထည့် ဓာတ်ဆီဆိုင်၌ တစ်ဂါလန်ဈေးနှုန်းသည် ၃ ဒသမ ၉၅၉ ဒေါ်လာ ဖြစ်သည်။ လွန်ခဲ့သော ရက်သတ္တပတ်ထက် ၄ ဒသမ ၅ ဆင့် များ၍ လွန်ခဲ့သောလကထက် ၁၀ဆင့်များပြီးယမန်နှစ်ယခုအချိန်ဈေးထက် ၅၂ ဆင့် ပိုများသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဗြိတိန်၌ စက်သုံးဆီဈေး မြင့်တက် ရှစ်နှစ်အတွင်း အမြင့်ဆုံးရောက်ရှိ

လန်ဒန် မေ ၂၄

ဗြိတိန်နိုင်ငံ ယာဉ်မောင်းများသည် ရေနံစိမ်းဈေးနှုန်း မြင့်တက်မှုကြောင့် စက်သုံးဆီကို ဈေးကြီးပေးဝယ်နေရကြောင်း၊ လက်လီစက်သုံးဆီဈေးနှုန်းသည် ရှစ်နှစ်တာတွင် လစဉ်အမြင့်ဆုံးဈေးသို့ ရောက်ရှိနေကြောင်း ကားထုတ်လုပ်ရေးအဖွဲ့(အေအေ)က ပြောကြားသည်။

လက်လီဈေးနှုန်းမှာ ပြီးခဲ့သည့်လမှ မေလလယ်အထိ တစ်လီတာလျှင် ၆ ဒသမ ၈ ပဲနိတက်ခဲ့ပြီး ၁ ဒသမ ၂၄၂ ပေါင် ဈေးပေါက်ခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။ ဓာတ်ဆီဈေးနှုန်းမှာ တစ်လီတာလျှင် ၄ ဒသမ ၅ ပဲနိတက်ခဲ့ပြီး ၁ ဒသမ ၁၂၆ ပေါင် ဖြစ်နေပြီး မေလတွင် ဒီဇယ်ပျမ်းမျှ ဈေးနှုန်းမှာ ယခုရာစုနှစ်တွင် လစဉ်ဈေး၏ အမြင့်ဆုံးဈေးဖြစ်နေကြောင်း အေအေက ပြောကြားသည်။ စက်သုံးဆီဈေးသည် ၂၀၀၀ ပြည့်နှစ် အချိန်မှစ၍ ဒုတိယအကြိမ် ထပ်မံတက်ခြင်း ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ပေကျင်း အိုလံပစ်အထိမ်းအမှတ် မီးရှူးတိုင်သယ်ပွဲကို တရုတ်နိုင်ငံ အရှေ့ပိုင်း ရှန်ဟိုင်းမြို့၌ ကျင်းပနေသည်ကို မေ ၂၃ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အသက် ၇၆နှစ်ရှိ နီပေါတောင်တက်သမား ဝေရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်ရောက်

ခတ္တမန္ဒူ မေ ၂၅

ကမ္ဘာ့အမြင့်ဆုံးတောင်ထွတ်ဖြစ်သော ဧဝရက်တောင်ထိပ်ကို အသက် ၇၆ နှစ်ရှိသော နီပေါနိုင်ငံသား အမျိုးသားတစ်ဦး အောင်မြင်စွာ တက်ရောက်နိုင်ခဲ့ကြောင်း နီပေါနိုင်ငံ တောင်တက်လုပ်ငန်းဆိုင်ရာ အာဏာပိုင်များက ပြောကြားသည်။ ၎င်းသည် ဧဝရက်တောင်ထိပ်သို့ အရောက်တက်လှမ်းနိုင်သော အသက်အကြီးဆုံး တောင်တက်သမားပင် ဖြစ်သည်ဟု ဆိုသည်။ အမြင့်ပေပေါင်း ၂၉၀၃၅ ရှိသော ဧဝရက်တောင်ထိပ်သို့ အောင်မြင်စွာ တက်နိုင်ခဲ့သော အသက်အကြီးဆုံး တောင်တက်သမား၏ အမည်မှာ မင်းဗဟာဒူးရှာချန် ဆိုသူဖြစ်ကြောင်း နီပေါနိုင်ငံ ခရီးသွားလုပ်ငန်းမှ အရာရှိရာ မတ်ချ်ချက်ထရီက ပြောကြားသည်။

မင်းဗဟာဒူးသည် တောင်ထိပ်သို့ တနင်္ဂနွေနေ့ အစောပိုင်းက ရောက်ရှိခြင်း ဖြစ်သည်။ ယခုအခါ ၎င်းသည် ကျန်းမာရေးကောင်းမွန်စွာ ရှိနေပြီး တောင်အောက်သို့ ရောက်ရှိနေပြီဖြစ်သည်။ မင်းမဟာဒူး မတိုင်မီ ဧဝရက်တောင်သို့ တက်ခဲ့သော အသက်အကြီးဆုံး တောင်တက်သမားမှာ အသက် ၇၁ နှစ်အရွယ်ရှိ ဂျပန်လူမျိုး ကတ်စူဇူကီးယာနာဂီဆာဝါ ဖြစ်သည်။ ယာနာဂီဆာဝါသည် ဧဝရက်တောင်ထိပ်သို့ ၂၀၀၇ခုနှစ်က တက်ခဲ့ခြင်းဖြစ်သည်။

အင်တာနက်။

○ ရှေ့ဖုံးမှ

(ခ) ဆန္ဒမဲပေးသူဦးရေ ၄၂၈၀၀၁၅ ဦး၊(၉၃. ၄၄)ရာခိုင်နှုန်း
(ဂ) ထောက်ခံဆန္ဒမဲပေးသည့်ဦးရေ ၃၉၇၇၅၂၈ ဦး၊(၉၂. ၉၃)ရာခိုင်နှုန်း
(ဃ) ကန့်ကွက်ဆန္ဒမဲပေးသည့်ဦးရေ ၂၅၆၂၃၂ ဦး၊ (၅. ၉၉)ရာခိုင်နှုန်း
(င) ပယ်မဲ ၄၆၂၅၅ ဦး၊ (၁. ၀၈)ရာခိုင်နှုန်း

၃။ သို့ပါ၍ ဆန္ဒမဲပေးသည့် မဲဆန္ဒရှင် (၄၂၈၀၀၁၅) ဦးအနက် (၃၉၇၇၅၂၈)ဦးတို့က ထောက်ခံဆန္ဒမဲ ပေးသည့်အတွက် ထောက်ခံသည့်ရာခိုင်နှုန်းမှာ (၉၂. ၉၃) ရာခိုင်နှုန်းဖြစ်ကြောင်း ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအတွင်းရှိ (၄၇)မြို့နယ်အတွက် ကျင်းပပြီးစီးခဲ့သည့် ဆန္ဒခံယူပွဲ၏ ရလဒ်အား ကြေညာအပ်ပါသည်။

(အောင်တိုး)
ဥက္ကဋ္ဌ
ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေး (၁၀/၂၀၀၈) ကျင်းပ

နေပြည်တော် မေ ၂၆

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေး (၁၀/၂၀၀၈)ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရုံး အမှတ်(၂၂)ရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးကော်မရှင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုး၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မရှင်အဖွဲ့ဝင်များ စုံညီစွာ တက်ရောက်ကြသည်။

အစည်းအဝေးတွင် သဘာပတိအဖြစ် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက ဆောင်ရွက်ပြီး အခမ်းအနားမှူးအဖြစ် အတွင်းရေးမှူး ဦးဝင်းကိုက ဆောင်ရွက်သည်။

ရှေးဦးစွာ သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များက လုပ်ငန်းဆိုင်ရာကိစ္စရပ်များကို တင်ပြဆွေးနွေးညှိနှိုင်းကြသည်။

ဆက်လက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆုံးဖြတ်ကြသည်။

ယင်းနောက် သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို နံနက်ပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

အမှာစကား ပြောကြား

သဘာပတိ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ၊ တရားသူကြီးချုပ် ဦးအောင်တိုး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အစည်းအဝေး (၁၀/၂၀၀၈) တွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင် ဘိုကလေးနှင့်ဒေးဒရဲမြို့နယ်များအတွင်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၂၆

ကာကွယ်ရေးဝန်ကြီးဌာနမှ စစ်ရေးချုပ် ဗိုလ်ချုပ်သူရမြင့်အောင်သည် မေ ၂၅ ရက် နံနက် ၈နာရီခွဲတွင် ပုသိမ်လေဆိပ်မှ အဝတ်အထည်၊ ဆေးဝါးနှင့် ဂါလန် ၂၀၀ဆံ့ မိုးကာရေလှောင်ကန်များအား တပ်မတော်ရဟတ်ယာဉ်ဖြင့် တင်ဆောင်၍ ဘိုကလေးမြို့သို့ရောက်ရှိရာ မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းရုံး၌ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် တာဝန်ရှိသူများက ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စစ်ရေးချုပ်က လေဘေးသင့်ကျေးရွာများတွင် ပြန်လည်ရောက်ရှိ လူဦးရေနှင့် ထပ်တိုးလူဦးရေစာရင်းများကို ရက်စွဲအလိုက် ကောက်ယူရေး၊ ကျန်ရှိ ကျွဲ၊ နွားများဖြင့် လယ်ယာမြေပြင်ဆင်ဆောင်ရွက်ပြီး မျိုးစပါးများရောက်ရှိပါက စိုက်ပျိုးနိုင်ရန် စီစဉ်ထားရှိရေး၊ ထောက်ပံ့ပစ္စည်းများကို လေဘေးသင့်ကျေးရွာများ တစ်ပြေးညီဖြန့်ဖြူး၍ အိမ်ထောင်စုအလိုက် ပစ္စည်းထုတ်ယူ မှတ်တမ်းစာအုပ်များ ပြုစု ဆောင်ရွက်ရေး၊ ရေတွင်းရေကန်များအား ရောက်ရှိစက်အင်အားများဖြင့် ကျေးရွာအလိုက် သန့်စင်သောရေရရှိအောင် ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထိုမှတစ်ဆင့် စစ်ရေးချုပ်သည် ဒေးဒရဲမြို့သို့ရောက်ရှိရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းက မြို့နယ်အတွင်းရှိ စာသင်ကျောင်း၊ ဆေးရုံနှင့် သာသနိကအဆောက်အအုံများ ပြင်ဆင်ပြီးစီးမှု၊ လယ်ယာလုပ်ငန်းအတွက် လက်တွန်းထွန်စက် ရောက်ရှိမှုနှင့် မြို့နယ်ရှိ ဆန်စက်များ ပြန်လည်ကြိတ်ခွဲနိုင်ရန် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် စစ်ရေးချုပ်က တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားဆောင်ရွက်ပေးပြီး ဒေးဒရဲမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပုသိမ်မြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်မှ စားသောက်ကုန်၊ မျိုးစပါး၊ ခိုင်းနွားများ ပို့ဆောင်လှူဒါန်း

ရန်ကုန် မေ ၂၆

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်မှ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပြည်သူများနှင့် တပ်မတော်သား မိသားစုများက ငွေကျပ်သိန်း ၃၆၀ နှင့် ငွေကျပ် ၃၉၇၉၂၇၆၅ တန်ဖိုးရှိ လူသုံးကုန်များနှင့် စားသောက်ကုန်များ၊ ဆေးဝါးပစ္စည်းများ၊ ရေငန်ခံမျိုးစပါး ၁၂၀၁၃ ဒသမ ၅ တင်း၊ ခိုင်းနွားအကောင် ၆၀ နှင့် ဝါးအလုံး ၅၉၀၀၀ တို့ကို မေ ၂၁ ရက်အထိ ရေယာဉ်များ၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများအတွက် ရခိုင်ပြည်နယ်မှ ပြည်သူများလှူဒါန်းသော ထောက်ပံ့ပစ္စည်းများကို မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေစဉ်။

(သတင်းစဉ်)